မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၁၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့်ဇနီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌွေး၊ ရေတပ်ဦးစီးဌာန ဗိုလ်မှူးကြီးအေးဖေ၊ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် ဇနီး၊ စစ်သံမှူး Colonel Prissapa Suvanatat နှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လက်ဆောင်ပေးအပ်

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်လည်မထွက်ခွာမီ လေဆိပ် ဧည့်ခန်းမဆောင်၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်အား ချစ်ကြည်ရေးခရီးစဉ် ဗွီစီဒီတိတ်ခွေကို လက်ဆောင်အဖြစ် ပေးအပ်သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

ကမ္ဘာတစ်လွှား အားကစား အညွှန်း



ပို့စ်မောက်အသင်းသည် ဆိုးကင်းဘဲလ်နှင့် သဘောတူစာချုပ်ရေးထိုးတော့မည်ဖြစ်ကြောင်း ပို့စ်မောက်ကလပ်က ပြောကြားလိုက်သည်။

ခြေစွမ်းပြ ဂိုးများသွင်းသည့် စီရိုနယ်ဒိုအား ဖာဂူဆန်နှင့် မန်ယူပရိသတ်များအားရ။

မောင်မောင်မြင့်ဆွေ၏ ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ရေးကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့်အပြင် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း၊ တာတမံ၊ ရေထိန်းတံခါးများနှင့် မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးခြင်းအပါအဝင် စိုက်ပျိုးရေးနည်းပညာ၊ မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာ စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးလျက်ရှိသည်။

တောင်သူလယ်သမားများက မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စပါးအထွက်နှုန်းတိုးပြီး အလေအလွင့် နည်းပါးရေးတို့အတွက် ခေတ်မီနည်းစနစ်များကို အသုံးပြု၍ နိုင်ငံတစ်ဝန်း၌ အားကြိုးမာန်တက် စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံအဝန်းတွင် ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲများနှင့် စိုက်ပျိုးရေးစွမ်းရည်ပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။ ရန်ကုန်မြောက်ပိုင်းခရိုင်တွင်လည်း မိုးစပါးဧက သုံးသိန်းကျော်နှင့် တစ်မိုးနှစ်သီး စပါးဧကခြောက်ထောင်ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်တိုင်း ၂၀၀၆-၂၀၀၇ခုနှစ် ရေတော်မိုးတော် မိုးစပါး တိုင်းလုံးကျွတ် ကွင်းပိတ်ပွဲကို ဩဂုတ်လ ၄ရက်နေ့က လှည်းကူးမြို့နယ်ရှိ စပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ၊ လယ်ယာကဏ္ဍ ထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲများ ကျင်းပ၍ တောင်သူလယ်သမားများအား ချီးမြှင့်အားပေးခဲ့သည်။

ရန်ကုန်တိုင်းအတွင်း မိုးစပါးဧက၁၂သိန်း စိုက်ပျိုးရန် လျာထားသည့်အနက် ယနေ့အထိ ဧက၁၁သိန်းကျော် စိုက်ပျိုးပြီးဖြစ်သည်။ ရေတော်မိုးတော် မိုးစပါးကိုလည်း ဧကရှစ်သိန်းကျော် လျာထားခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်တိုင်းတွင် စိုက်ပျိုးမြေနည်းပါးသဖြင့် မိုးတစ်ရာသီအတွင်း စပါးနှစ်သီး(တစ်မိုးနှစ်သီး) ရအောင်စိုက်ပြီး မိုးစပါးစိုက်ဧကတိုးချဲ့ရန် စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိသည်။

တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်က စိုက်ပျိုးရေးဆိုင်ရာ အားပေးကူညီမှုများနှင့်အတူ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်သည်။ ယင်းသို့ကြိုးပမ်းရာတွင် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရေး၊ သီးနှံအလိုက်အထွက်ကောင်း မျိုးများသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေးနှင့် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်လာရေး နည်းလမ်းများကို ကျင့်သုံးစိုက်ပျိုးကြခြင်းဖြင့် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၀-၈-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၅။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၄၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (ဒုတိယတွဲ)(အပိုင်း-၁၅)

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၉

ဒဂုံမြို့နယ် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ပခုက္ကူအသင်း (ရန်ကုန်) ဓမ္မာရုံတွင် သတ္တမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ သင်တန်းကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ နေ့စဉ် မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအထိ ဓမ္မကထိကဆရာကြီးဦးစိန်ဝက သင်တန်းပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို သင်တန်းတက်ရောက် သင်ကြားနိုင်ကြောင်း သိရသည်။ **(၃၅၂)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ဆက်ကပ်လှူဒါန်း

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်) ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင်၂၃ရက်က လှိုင်မြို့နယ် (၅) ရပ်ကွက်ရှိ ကြံခင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အသင်းအတွင်းရေးမှူး ဦးစိန်ငွေးက ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဓာတ်အားခကောက်ခံမှုနှင့်ဖြန့်ဖြူးမှု စနစ်တကျဆောင်ရွက် ရည်မှန်းချက်များအောင်မြင်အောင် ပြည်သူများပူးပေါင်းပါဝင် ပြည်သူအားကိုး ယုံကြည်သူများဖြစ်အောင် ပြုမူနေထိုင်

ရန်ကုန် ဩဂုတ် ၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်များလိုက်ပါ၍ ဩဂုတ်၅ရက်က ၂၃-ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးချိုသိန်းက မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးမှုများကိုလည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း ညွှန်ကြားရေးမှူးဦးကျော်ရွှေက ဓာတ်အားပို့လွှတ်ရေးစီမံကိန်းမှ သာစည်-မြင်းခြံ ၁၃၂-ကေဗွီ ဓာတ်အားလိုင်းသစ် တည်ဆောက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးပေးမှုအခြေအနေအား ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်၍ သတ်မှတ်ကာလအတွင်း ဓာတ်အားလိုင်းစီမံကိန်းကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားကာ ၂၃၀/၁၃၂/၃၃/၁၁ ကေဗွီ Switch Yard အတွင်း ၂၃၀/၁၃၂ ကေဗွီ-၁၀၀အမ်ဗွီအေ ထရန်စဖော်မာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သာစည်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးကြူနှင့် ဝန်ထမ်းများအား စနစ်သစ်ဖြင့် ဓာတ်အားခကောက်ခံမှုနှင့် မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို စနစ်တကျ ဆောင်ရွက်ကြရန် ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် ပြည်သူများပူးပေါင်းပါဝင်ပြီး ပြည်သူအားကိုး ယုံကြည်ရသူများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်သွားရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် အဆင့်မြင့် မိတ္ထီလာဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းမှ စီမံကိန်းမန်နေဂျာ (၁) ဦးဆန်းတင့်က ဓာတ်အားခွဲရုံအတွက် လျာထားမြေနေရာနှင့် လိုအပ်သော ပစ္စည်းများမှာယူထားမှုအခြေအနေကို ရှင်းလင်းတင်ပြ၍ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ရွှေက ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းတို့မှ ထွက်ရှိလာမည့်ဓာတ်အားများကို လက်ခံရယူ၍ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးပေးမည့်အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ၁၃၂-ကေဗွီ ကျောက်ဆည်-အင်းကုန်း ဓာတ်ခွဲရုံသို့ရောက်ရှိရာ ကျောက်ဆည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးညွှန့်က ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပြည်သူလူထုအား ဓာတ်အားကိုအပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ယခုထက် ပိုမိုအားထုတ် ကြိုးစားလုပ်ကိုင်သွားကြရန်မှာကြားကာ ဓာတ်အား ထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ဆည်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်ပိုင်မျိုးက ကျောက်ဆည်မြို့အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် စနစ်သစ်ဖြင့် ဓာတ်အားခကောက်ခံမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် (၅၀၀ ကေဗွီအေ)ကျောက်ဆည်(ဘယ်လင်း) ဓာတ်အားခွဲရုံစီမံကိန်းသို့ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းမန်နေဂျာ(၁) ဦးဇော်ရဲမြင့်က ဓာတ်အားခွဲရုံတည်ဆောက်မှု၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုနှင့် ဓာတ်အားလိုင်းတာဝါများ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဤဓာတ်အားခွဲရုံစီမံကိန်းသည် အထက်မြန်မာပြည်၌ အကြီးဆုံး ဓာတ်အားခွဲရုံ ဖြစ်လာမည်ဖြစ်သဖြင့် စနစ်တကျ တည်ဆောက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ် (၁) ဝိုင်းရွှေမြင့်မိုရ် ကျောင်းတိုက်နေ ဒေါ်ဒေဝါရီ၊ ဒေါ်ကုမာရီ၊ ဒေါ်အရိယဉာဏေသီ၊ ဒေါ်ဝိပုလဉာဏီ၊ ဒေါ်ပုညဝတီတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းတစ်သောင်းခြောက်ထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိလာသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်အား လှည့်လည် ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို၊ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌွေးနှင့် ဇနီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့်ဇနီး၊ စစ်သံမှူး Colonel Prissapa Suvanatat နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒေ္ဂါ့သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် ဒေ္ဂါ့ခံတန်ဆောင်း၌ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်

ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond ရွှေတိဂုံစေတီတော်အတွက် အလှူငွေများ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

သည် ရွှေတိဂုံစေတီတော် ဒေ္ဂါ့သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒေ္ဂါ့သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရင်ပြင်တော် စနေထောင့်ရှိ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်အားလည်းကောင်း၊ ရင်ပြင်တော်ရှိ အောင်မြေ၌ စေတီတော်မြတ်ကြီးအား လည်းကောင်း ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒေ္ဂါ့သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများကိုကြည့်ရှုလေ့လာကြရာ ဂေါပကအဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ယင်းနောက် ဒေ္ဂါ့သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒေ္ဂါ့သည်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဥက္ကဋ္ဌက ရုပ်ပွားတော်မြတ်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ဓမ္မလက်ဆောင် ပေးအပ်

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်သည် ရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည် ပေးအပ်သည်။

ယင်းနောက် ဒေ္ဂါ့သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မင်းဓမ္မကုန်း ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များကို သွားရောက်ကြည့်ရှုကြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ညိမ်းက ရှင်းလင်းပြသသည်။

အလှူငွေများလှူဒါန်း

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်သည် ဆင်ဖြူတော်များအတွက် အလှူငွေများကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးထံ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေရှည်တည်တံ့အောင်ထိန်းသိမ်း

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်ကို ရန်ကုန်မြို့နေ ပြည်သူများ အနားယူအပန်းဖြေနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီဖြစ်အောင် ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း၊ ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ရွှေတံတားပန်းဥယျာဉ်(Relaxation Zone)၊ သစ်တောဥယျာဉ်(Central Forest Zone)၊ စိုက်ပျိုးရေးနှင့် ငါးပြတိုက်ဥယျာဉ်(Education Zone) နှင့် ကရဝိက်ကမ္ဘာဥယျာဉ် (Recreation Zone)တို့ကို ကျွမ်းကျင်သော ပညာရှင်များအကူအညီဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကန်တော်ကြီး သဘာဝဥယျာဉ်ကို အစဉ်သန့်ရှင်း သာယာလှပပြီး အများပြည်သူများ အပန်းဖြေအနားယူနိုင်စေရန် ဌာနဆိုင်ရာအသီးသီးနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း။

ကန်တော်ကြီးသဘာဝဥယျာဉ်၏ မူလဇုန်(၄)ဇုန် တည်ဆောက်စဉ်က ရေးဆွဲထားသည့် Conceptual Design အတိုင်းသာ ပုံစံမပျက် တည်ဆောက်ရန်နှင့် ပုံစံတွင်မပါသည့် အဆောက်အအုံထပ်မံတည်ဆောက်ခြင်း၊ စားသောက်ဆိုင်များ ထပ်တိုးခြင်း၊ ပုံစံပြုပြင်ခြင်းတို့ကို မပြုလုပ်ကြရန် ပြောကြားလိုကြောင်း၊ ရန်ကုန်မြို့သည် စီးပွားရေးအချက်အချာကျသော မြို့ဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်မှုအပြည့်ရှိအောင် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်ကြီးကို သဘာဝအလှအပ မပျက်ယွင်းစေဘဲ အဆင့်အတန်းမြင့်မားသော ဥယျာဉ်ကြီးအဖြစ် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် မူလပုံစံ(Design) အနေအထားမှ တိုးချဲ့ဆောင်ရွက်လိုပါက သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကခွင့်ပြုမှသာ ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရွှေတံတားပန်း ဥယျာဉ်(Relaxation Zone) ဆောင်ရွက်ထားမှု အခြေအနေကို မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လည်းကောင်း၊ သစ်တောဥယျာဉ်(Central Forest Zone)နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဆောင်ရွက်ထားမှုကို ဇုန်တာဝန်ခံကိုယ်စား သစ်တောရေးရာဝန်ကြီးဌာနမှ တိရစ္ဆာန်ဥယျာဉ်ညွှန်ကြားရေးမှူး ဦးမြင့်ငြိမ်းက လည်းကောင်း၊ စိုက်ပျိုးရေးနှင့် ငါးပြတိုက်ဥယျာဉ် (Education Zone)နှင့်ပတ်သက်၍ ဇုန်တာဝန်ခံကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဆန်းက လည်းကောင်း၊ ကရဝိက်ကမ္ဘာဥယျာဉ် (Recreation Zone) တည်ဆောက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ဇုန်တာဝန်ခံ ဒေါက်တာခင်ရွှေက လည်းကောင်း၊ ကန်တော်ကြီးရေပြင် သန့်ရှင်းရေးလုပ်ငန်းနှင့် ပတ်သက်၍ တိုင်းဆည်မြောင်းဦးစီးမှူးဦးကျော်သိန်းက လည်းကောင်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ အရည်အသွေးစစ်ဆေးရေးလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းများကို ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အစည်းအဝေးအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ စိုက်ပျိုးရေးနှင့် ငါးပြတိုက်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဘိုင်အိုဒီဇယ် စာတမ်းဖတ်မည်

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ကြီးမှူး၍ ဘိုင်အိုဒီဇယ် အကြောင်း စာတမ်းဖတ်ပွဲကို ဩဂုတ် ၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ (လှိုင်နယ်မြေ)၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းရှင် ဦးသိန်းလွင် (Charter Engineer, UK) က အဆိုပါစာတမ်းကို ဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ရှာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အထက(၆)အလုံ မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၆ရက်က ကျင်းပရာ ၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မဆုနိုင်နိုင်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီထွန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ရုရှားမှ ခရုဇင်စတန်ရွက်လွှင့်သင်္ဘော ကမ္ဘာတစ်ပတ်ခရီးစဉ်ပြီးဆုံး

မော်စကို ဩဂုတ် ၉

ရုရှားနိုင်ငံမှ ခရုဇင်စတန်အမည်ရှိ ရွက်လွှင့်ထွက်ခွာသွားသော သင်္ဘော (အပေါ်ပုံ)**သည် ကမ္ဘာကို ၁၄ လကြာဖြင့် တစ်ပတ် ပတ်နိုင်ခဲ့ပြီး စိန့်ပီတာစဘတ်မြို့၌ ဩဂုတ် ၆ရက်နေ့က လွန်းတင်ကမ်းကပ်ခဲ့သည်။**

အဆိုပါ ရွက်လွှင့်သင်္ဘောမစ်ရှင်သည် နှစ် ၆၀ပြည့် စစ်အောင်နိုင်မှု အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ရုရှားသင်္ဘောများ ကမ္ဘာ့ရေကြောင်းကို လှည့်ပတ်ခဲ့သည့် အောင်မြင်ခြင်း အနှစ် ၂၀၀ ပြည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းသင်္ဘောမှ ကပ္ပတိန်အိုလက်ဆီဒို့ဗ်၏ ပြောကြားချက်ကို အီတာတာ့စ် သတင်းဌာနက ကိုးကားဖော်ပြသည်။

လိုက်ပါ

အဆိုပါ သင်္ဘောတွင် သင်္ဘောသား ၆၁ ဦးနှင့် သင်္ဘောသားလောင်း ၁၃၄ ဦး စုစုပေါင်း လူပေါင်း ၂၀၀ နီးပါး လိုက်ပါခဲ့သည်။

ယင်းသင်္ဘောသည် ရုရှားအရှေ့ဖျားဗလာဒီဗော့စတော့ဆိပ်ကမ်းမှ ၂၀၀၅ခုနှစ် ဇွန် ၂၄ ရက်က စတင်ရွက်လွှင့် ထွက်ခွာခဲ့ရာ ခရီးမိုင်ပေါင်း ၃၃၀၀၀ ခုတ်မောင်းသွားလာအပြီး စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိခဲ့သည်။

ဆိုက်ကပ်

ယင်းသင်္ဘောသည် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိ ဆိပ်ကမ်းပေါင်း ၁၇ ခုသို့ ဆိုက်ကပ်ခဲ့ကာ လူပေါင်း ၇၅၀၀၀ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ ၎င်းသင်္ဘောသည် ၁၉၂၆ ခုနှစ်က ဂျာမနီနိုင်ငံ၌ တည်ဆောက်ခဲ့ပြီး ရွက်တိုင်လေးခုပါရှိသည်။ ၎င်းသင်္ဘောကြီးကို ဆိုဗီယက်နိုင်ငံသို့ ၁၉၄၆ ခုနှစ်တွင် စစ်လျော်ကြေးအဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ကြက်၊ ငှက်တုပ်ကွေးရောဂါပိုး ကြောင်တွင်လည်း ကူးစက်နိုင်

ဝါရှင်တန် ဩဂုတ် ၉

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့် ဖေဖော်ဝါရီလက ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားစဉ်အတွင်း ကြောင်များသည် H_5N_1 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရပြီး သေဆုံးခဲ့ကြောင်း အမေရိကန်ရေတပ် ဆေးသုတေသနပညာရှင်များက သတင်းထုတ်ပြန်ကြေညာသည်။

ကိုင်ရိုမြို့၌ အခြေစိုက်သော အဆိုပါဆေးအဖွဲ့က အီရတ်၌ ကြက်၊ ငှက်တုပ်ကွေးရောဂါပိုးကို တိရစ္ဆာန်များနှင့်လူများမှ ရောဂါပိုး နမူနာများကို ယူ၍ ကူးစက်ခဲ့သည်ကို လေ့လာနေကြသည်။

သတင်းထုတ်ပြန်

ကြောင်များသည် ကြက် ၅၁ ကောင်သေဆုံးခဲ့သော အီရတ်နိုင်ငံ အာဘီလ်မြို့အနီး နေအိမ်တစ်အိမ်၌ သေဆုံးခဲ့ကြောင်း ဒဗလျူအိတ်ချ်အိုက သတင်းထုတ်ပြန်ထားခဲ့သည်။

သေဆုံး

အဆိုပါ ဆေးအဖွဲ့မှ သုတေသီများသည် ယင်းမြို့ရှိ ဖော်ပြပါနေအိမ်၌ ကြောင်နှစ်ကောင်နှင့် ဘဲငန်းတစ်ကောင်သေဆုံးနေသည်ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။

ပျံ့နှံ့

ယင်းတိရစ္ဆာန်များတွင် ကြက်၊ ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးများ ပျံ့နှံ့နေကြောင်း၊ ၎င်းအချက်ကို ကြောင်များတွင် ကြက်ငှက်တုပ်ကွေးဖြစ်နိုင်ကြောင်း တွေ့ရှိချက်ကို သုတေသီများက တင်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

အီရန်က ဆင်းရဲသောနိုင်ငံများသို့ ဈေးနှုန်းချိုသာစွာဖြင့် ရေနံရောင်းချပေးမည်

တီဟီရန် ဩဂုတ် ၉

အီရန်နိုင်ငံအနေဖြင့် ဆင်းရဲသောနိုင်ငံများသို့ ဈေးနှုန်းချိုသာစွာဖြင့် ရေနံများရောင်းချရန် စီစဉ်လျက်ရှိကြောင်း အီရန်နိုင်ငံ ရေနံလုပ်ငန်းဝန်ကြီးဌာနက ဩဂုတ် ၇ရက်၌ ပြောကြားလိုက်သည်။

ထိုသို့ပြုလုပ်ခြင်းမှာ အမေရိကန်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကို တန်ပြန်တော်လှန်မှုတစ်ရပ်ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။

ချမ်းသာသောနိုင်ငံများအနေဖြင့် ရေနံဈေးနှုန်းကြီးမြင့်သော်လည်း အပြည့်အဝ ပေးချေနိုင်ကြကြောင်း၊ သို့သော်လည်း ဆင်းရဲသော နိုင်ငံများအနေဖြင့် ရေနံဈေးနှုန်းကြီးမြင့်မှုသည် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေကြောင်း၊ ထို့ကြောင့် သက်သာသော ဈေးနှုန်းထားဖြင့် ဆင်းရဲသောနိုင်ငံများကို ရေနံရောင်းချရန် ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)အား အီရန်သမ္မတမာမွတ် အာမက်နီဂျတ်ဒ်က ပြီးခဲ့သည့် ဧပြီလက အဆိုပြုခဲ့သည်။

စတင်ပြုလုပ်

ယခုအခါ အီရန်သမ္မတ၏ အဆိုပြုချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လေ့လာမှုနှင့် သုံးသပ်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အီရန်နိုင်ငံ ရေနံဝန်ကြီး ကာဇမ်ဗာဇီရီဟာမက်က ပြောကြားသည်ဟု အိုင်အာအင်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးမားဆုံးရေနံတင်ပို့ရောင်းချသော နိုင်ငံဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံမှာ ပဉ္စမမြောက် ရေနံတင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ အီရန်သမ္မတ အာမက်ဒိန်ရတ်နှင့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်တို့သည် အမေရိကန်ဆန့်ကျင်ရေးတွင် မဟာမိတ်များအဖြစ် ရပ်တည်လျက်ရှိသည်။

ရောင်းချ

ဗင်နီဇွဲလားနိုင်ငံကလည်း ရေနံများကို ဈေးနှုန်းချိုသာစွာဖြင့် ကာရေဘီယံနှင့် အလယ်ပိုင်း အမေရိကမှ ဆင်းရဲသောနိုင်ငံများသို့ ရောင်းချရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

တရုတ်တွင် ဆိုက်ဘေးရီးယန်း ကျားကောင်ရေ ၇၀၀ ရှိနေ

ဟာဘင် ဩဂုတ် ၉

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဆိုက်ဘေးရီးယန်းကျားဥယျာဉ်၌ ယခုနှစ်အတွင်းမွေးဖွားသည့် ကျားပေါက် ၈၀အပါအဝင် ကျားကောင်ရေ ၇၀၀ ခန့်ရှိကြောင်း သိရသည်။

အများဆုံး

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ် မြို့တော်ဟာဘင်မြို့တွင်ရှိသော ဆိုက်ဘေးရီးယန်းကျားကောင်ရေသည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ကြောင်း အဆိုပါဥယျာဉ်မှ အရာရှိတစ်ဦးဖြစ်သူ လူဒန်က ပြောကြားသည်။

အဆိုပါဥယျာဉ်၌ ပြီးခဲ့သည့်နှစ်က ဆိုက်ဘေးရီးယန်း ကျားကောင်ရေမှာ စုစုပေါင်း ၆၂၀ကျော်ရှိကြောင်း သိရသည်။ ထိုကျားကောင်ရေ၌ အကောင် ၂၀၀ကျော်မှာ ငယ်ရွယ်သောကျားများဖြစ်ပြီး ယခုနှစ်တွင် ကျားကောင်ရေ ၂၀ထပ်မံ မွေးဖွားလာနိုင်ကြောင်းလည်း ၎င်းကပြောကြားသည်။

စတင်တည်ထောင်

ထိုကျားဥယျာဉ်ကို လွန်ခဲ့သည့် ၁၉၈၆ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စတင်ထူထောင်ခဲ့သောအချိန်က ဆိုက်ဘေးရီးယန်းကျားကောင်ရေ ရှစ်ကောင်သာရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆိုက်ဘေးရီးယန်း ကျားတစ်ကောင်ကို ဩဂုတ်၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်တောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် အစ္စရေးတို့ ဗုံးကြဲတိုက်ခိုက်၍လူ ၄၀ကျော်သေဆုံး

မာဂျယွန်း(လက်ဘနွန်) ဩဂုတ် ၉

အစ္စရေးတို့လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် ဩဂုတ် ၇ရက်က လက်ဘနွန်တောင်ပိုင်းနယ်စပ် ဟိုလာကျေးရွာ၌ နေအိမ်များပျက်စီးပြီး အနည်းဆုံး လူ ၄၀ကျော်သေဆုံးခဲ့ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် ဖောက်စီနီယိုရာက ပြောကြားသည်။

အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆိုပါ ကျေးရွာ၌ လူ ၄၀ကျော် သေဆုံးခဲ့ကြောင်း ၎င်း ဝန်ကြီးချုပ်က ဘေရွတ်မြို့၌ ပြုလုပ်သော အာရပ်နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး၌ ပြောကြားလိုက်သည်။

ပထမဆုံး တိုက်ခိုက်ခံရသော အိမ်မှာ လူ၁၇ယောက် ပုန်းအောင်းနေသော အိမ်ဖြစ်ပြီး တစ်ခဏအတွင်း ယင်းအိမ်အနီးရှိ နေအိမ်လေးလုံးကို တိုက်ခိုက်ပြန်ရာ လူ ၄၀ကျော် သေဆုံးခဲ့ကြောင်း လက်ဘနွန် လုံခြုံရေး သတင်းရပ်ကွက်များက ပြောကြားသည်။

ဒဏ်ရာရရှိ

ဟစ်ဇ်ဘိုလာ ပြောက်ကျားများက ၎င်းကျေးရွာအနီး အစ္စရေးတပ်များကို ထိုနေ့အစောပိုင်းက တိုက်ခိုက်ခဲ့ရာ အစ္စရေးစစ်သားငါးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ မြောက်ပိုင်းရှိ တံတားတစ်စင်း ပျက်စီးနေသည်ကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ၌ ရေလွှမ်းမှုကြောင့် လူ ၁၃ ဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၉

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩရိသပြည်နယ်၌ လွန်ခဲ့သော ရက်သတ္တပတ်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုကြောင့် လူ ၁၃ ဦးသေဆုံးခဲ့ကြောင်း ဩရိသ ပြည်နယ်ရုံးက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

ယင်းရေလွှမ်းမှုကြောင့် မာလ်ကန်ဂီရီခရိုင်တောင်ပိုင်းမှ ခုနစ်ဦး၊ ကိုရာပွတ်အရပ်တွင် ငါးဦးနှင့် ဂျာပူရာပြည်နယ်မှတစ်ဦး သေဆုံးခဲ့ကြောင်း ဩရိသပြည်နယ်ရုံးမှ ဂျေအန်ဆန်ဟူက ပြောကြားသည်။

ဩရိသပြည်နယ်တွင် ရေလွှမ်းမှုကြောင့် လူ ၃၅၀၀၀၀ခန့် အခြားဒေသများသို့ ရွှေ့ပြောင်းခဲ့ရပြီး မာလ်ကန်ဂီရီမြို့တွင်လည်း ယခုတိုင်ရေလွှမ်းနေဆဲဖြစ်သည်။

ဒေသဆိုင်ရာ ပြည်နယ်ရုံး၏ ခန့်မှန်းချက်အရ ၎င်းဒေသတွင် လူ ၃၀၀၀၀ခန့် ရေလွှမ်းမှုဒဏ်ခံရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်၏ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှု ယခုနှစ် ဇူလိုင်လကုန်အထိ ဒေါ်လာ ၅၃ သန်းကျော်ရှိခဲ့

ဟန်နွိုင်း ဩဂုတ် ၉

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ဇူလိုင်လကုန်အထိ ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၀ခုကို ခွင့်ပြုပေးခဲ့ကြောင်း ငွေကြေးပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၅၃ဒသမ၄သန်းကျော်ရှိကြောင်း ဗီယက်နမ်သတင်းဌာနက ဩဂုတ် ၇ရက်၌ သတင်းထုတ်ပြန်သည်။

ရင်းနှီးမြှုပ်နှံ

အဆိုပါ စီမံကိန်း ၁၀ခုတွင် စင်ကာပူနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေရေး၌ အမေရိကန်ဒေါ်လာ ၂၁ဒသမ၉သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး နောက်တစ်ခုမှာ လာအိုနိုင်ငံတွင် ကောက်ပဲသီးနှံများ ဖွံ့ဖြိုးတိုးတက် ထုတ်လုပ်နိုင်ရေးတို့တွင် အမေရိကန်ဒေါ်လာ ၁၂ဒသမ၅ သန်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ပါဝင်မည် ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အေဂျင်စီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်က ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ရာတွင် လာအို၊ ရုရှား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ အမေရိကန်ဒေါ်လာ ၃၆၇သန်းကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သည်။

ခန့်မှန်းထား

ထို့အတူ ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၆ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်တာ ကာလအတွင်း နှစ်စဉ်ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာသန်း ၂၀၀ခန့်ကိုပြုလုပ်သွားမည်ဟု ခန့်မှန်းထားကြောင်း အဆိုပါ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အေဂျင်စီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ သိပ္ပံပညာကျောင်းမှ အသစ်တီထွင်လိုက်သော စက်ရုပ်တစ်ရုပ်ကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။ (ယင်းစက်ရုပ်သည် တရုတ်စကား တစ်ထောင်ခန့် ပြန်လည်ဖြေကြားနိုင်ပြီး ကခြင်း၊ ဦးညွှတ်အရိုအသေပေးခြင်းနှင့် နှုတ်ခွန်းဆက်စကားများပြောကြားခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

ဗင်နွာတူ၌ ရစ်ချ်တာစကေး ၆ ဒသမ ၇ရှိသော ငလျင်လှုပ်

ဆန်ဖရန်စစ္စကို ဩဂုတ် ၉

ဗင်နွာတူနိုင်ငံ၏ အကြီးမားဆုံးကျွန်းမှ မိုင် ၅၀ ခန့်အကွာတွင် ဩဂုတ် ၇ ရက်က ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိသော မြေငလျင်လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာရုံးမှ ဩဂုတ် ၈ ရက်၌ သတင်းထုတ်ပြန်သည်။

ငလျင်လှုပ်မှုကြောင့် ပစိဖိတ်သမုဒ္ဒရာတွင် ဆူနာမီရေလှိုင်းများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ငလျင်ပြင်းအားမှာ ရစ်ချ်တာစကေး ၇ ရှိကြောင်း ပစိဖိတ်ဆူနာမီ ကြိုတင်သတိပေးမှုဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ရိုက်တာ

အစ္စရေးက လက်ဘနွန်ကိုတိုက်ခိုက်နေမှု အကြမ်းဖက်သမားများ ပိုတိုးလာနိုင် ကူဝိတ်ဝန်ကြီးချုပ်က သတိပေးပြောကြား

ကူဝိတ်စီးတီး ဩဂုတ် ၉

အစ္စရေးကလက်ဘနွန်ကို တိုက်ခိုက်နေခြင်းသည် အကြမ်းဖက်သမား အသစ်များ များပြားလာနိုင်ပြီး အရှေ့အလယ်ပိုင်းတွင် လုံခြုံရေးအခြေအနေ ထပ်မံရှုပ်ထွေးလာနိုင်ကြောင်း ကူဝိတ်ဝန်ကြီးချုပ်က သတိပေးလိုက်သည်ကို ကူဝိတ်တိုင်းမ်က ဩဂုတ် ၆ ရက်၌ ဖော်ပြသည်။

ရေးသားဖော်ပြ

လက်ဘနွန်သည် နောက်ထပ် အီရတ်ဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားခဲ့သည်ကို အီဂျစ်မဂ္ဂဇင်း အယ်မွတ်ဘာဝါက ဩဂုတ် ၅ရက်၌ ရေးသားဖော်ပြထားပြန်သည်။

လက်ဘနွန်၌ အစ္စရေးတပ်များက သတ်ဖြတ်ဖျက်ဆီးနေခြင်းကြောင့် မမျှော်လင့်သည်များ ဖြစ်လာဖွယ်ရှိကြောင်း မိမိအနေဖြင့် လက်ဘနွန်အပေါ် အစ္စရေးတိုက်ခိုက်မှု အဆုံးသတ်သင့်ပြီဟု ယုံကြည်ကြောင်း ယင်းမှာ အကြမ်းဖက် တိုက်ခိုက်ရေး သမားအသစ်များ ထပ်မံမွေးဖွားနေခြင်းသာ ဖြစ်ကြောင်း ကူဝိတ် ဝန်ကြီးချုပ်ရှိတ်နက်ဆာအယ်လ်မိုဟာမက်အယ်ဆာဘတ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဈေးရောင်းတွန်းလှည်း၊ မြက်ရိတ်စက်နှင့်ဓာတ်လှေကားများကြောင့် အမေရိကန်တွင် ကလေးငယ် ၃၅၀၀၀ခန့် နှစ်စဉ်ထိခိုက်ဒဏ်ရာရ

ချီကာဂို ဩဂုတ် ၉

အမေရိကန်နိုင်ငံရှိ ကလေးငယ်များအနေဖြင့် ဈေးရောင်းတွန်းလှည်းများ ဓာတ်လှေကားများနှင့် မြက်ရိတ်စက်များကြောင့် နှစ်စဉ် အမေရိကန်ကလေးငယ် ၃၅၀၀၀ခန့် ထိခိုက်ဒဏ်ရာရရှိလျက် ရှိနေကြောင်း သုတေသနပြုသူများက ဩဂုတ် ၇ရက်၌ ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ကလေးငယ် ၂၄၀၀၀သည် လမ်းမများပေါ်၌ ဈေးရောင်းတွန်းလှည်းများကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံသို့ ရောက်ရှိခဲ့ကြရသည်ဟု ၎င်းတို့က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

ထိခိုက်ဒဏ်ရာရရှိခဲ့သော ကလေးများ၏ လေးပုံသုံးပုံမှာ ဦးခေါင်းနှင့် လည်ပင်းတို့တွင် ဖြစ်ကြောင်း၊ အချို့ကလေးငယ်များမှာ ဈေးရောင်း တွန်းလှည်းများ ညှပ်မိပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း ပီဒိုင်ရာထရစ် ဂျာနယ်၌ ဖော်ပြသည်။

တိုက်တွန်းထား

ယခုကဲ့သို့ ကလေးငယ်များ ထိခိုက်ဒဏ်ရာ ရရှိမှုများကြောင့် ဈေးရောင်းတွန်းလှည်းများ၏ ပုံစံဒီဇိုင်းကို ပြောင်းလဲရန် ဆရာဝန်များက ကျန်းမာရေးရှုထောင့်မှ ပြောကြားအကြံပြုရန် လိုကြောင်း အဆိုပါ သုတေသနအဖွဲ့က တိုက်တွန်းထားသည်။

ထိခိုက်ဒဏ်ရာရ

ထို့အတူ မြက်ရိတ်စက်များနှင့် ဓာတ်လှေကားများကြောင့်လည်း အမေရိကန်ကလေးငယ်များ နှစ်စဉ်ထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

စပိန်မြောက်ပိုင်းရှိ သစ်တောများ မီးလောင်

မက်ဒရစ် ဩဂုတ် ၉

စပိန်မြောက်ပိုင်း ဂါလီစီယာ ဒေသ၌ တောမီးများလောင်ကျွမ်းခဲ့ရာ သစ်တော ၄၈ ခု မီးလောင်ခံရပြီး ယင်းတို့မှ တစ်ဝက်နီးပါးမှာ ထိန်းချုပ်နိုင်စွမ်း မရှိသေးကြောင်း ဒေသဆိုင်ရာအစိုးရက ဩဂုတ် ၆ရက်၌ ပြောကြားသည်။

တောမီးအများစုကို နံနက်စောစောနေမပူမီ မီးငြိမ်းသတ်ခဲ့ရကြောင်း အဆိုပါဒေသ အစိုးရက ပြောကြားသည်။

အများဆုံး လောင်ကျွမ်းသည့် ဒေသမှာ ဂါလီစီယာဒေသဖြစ်ပြီး တောမီး လောင်ခံရမှုမှာ ၂၅ ခုရှိသည်။ ယင်းတို့အနက် ၁၁ ခုမှာ ထိန်းချုပ်နိုင်စွမ်း မရှိသေးကြောင်း ယင်းဒေသတွင် သစ်တော ဟက်တာ ၄၀၀၀ မီးလောင်မှုကြောင့် ပျက်စီးခဲ့ကြောင်း ထိုဒေသရှိ မီးသတ်ဦးစီးဌာနက ပြောကြားသည်။

ပွန်ဒရီဗီရာအရပ်၌ ဩဂုတ် ၄ ရက်က အမျိုးသမီးနှစ်ဦး မီးလောင်ကျွမ်းနေရာမှ ထွက်ပြေးရန်ကြိုးစားစဉ် မီးလောင်ခံရပြီး သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့အသေးငယ်ဆုံး ဟတ်ဒစ်ဒရိုက်

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ဟတ်ဒစ်ဒရိုက်လေးတစ်ခုကို တွေ့ရစဉ်။ (အောက်ပုံ)

အဆိုပါ ဟတ်ဒစ်ဒရိုက်လေးကို တိုရှီဘာကုမ္ပဏီက ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး အရှည် ဝဒသမ ၈၅ လက်မသာရှိသည်။ ၎င်းဟတ်ဒစ်ဒရိုက်လေးသည် အချက်အလက်ပေါင်း များစွာကို သိုလှောင်ထားနိုင်ပြီး ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပန်ဒါအမြွှာပူး

ထူးထူးခြားခြား မွေးဖွားလာသော ပန်ဒါအမြွှာပူးကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် ပန်ဒါထိန်းသိမ်းစောင့်ရှောက်ရေးဌာန၌ ပန်ဒါအမြွှာပူးမွေးဖွားခဲ့ကြောင်း သိရသည်။ ၎င်းအမြွှာပူး ပန်ဒါလေးများကို အသက်ခုနစ်နှစ်အရွယ်ရှိ ပန်ဒါမကြီး ကျီယန်က ဩဂုတ် ၆ ရက်၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

တောင်အာဖရိက၌ ရေလွှမ်းမိုးမှု ဒေါ်လာ ၁၄၅ သန်းခန့် ဆုံးရှုံး

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၉

တောင်အာဖရိကနိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ယခုရက်ပိုင်းအတွင်း ရေလွှမ်းခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၁၄၅ သန်းခန့်ရှိကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာက ဩဂုတ် ၅ ရက်တွင် ဖော်ပြသည်။

ပျက်စီးဆုံးရှုံးမှုမှာ စက်မှုလုပ်ငန်းများ၊ နေအိမ်များနှင့် အခြားအဆောက်အအုံများဖြစ်ပြီး ဆုံးရှုံးပမာဏမှာ ယခုထက် ပိုမိုများပြားလာဖွယ်ရှိကြောင်း တောင်အာဖရိကနိုင်ငံ စက်မှုလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းအကြီးအကဲ လမ်ကီလီမွန်ဒီက ပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်းမ်စတက်အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

နေပြည်တော် ဩဂုတ် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ယနေ့တွင်ကျင်းပမည့် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(ဘင်းမ်စတက်)၏ နဝမ အကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းလည်း လိုက်ပါသွားသည်။

ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(ဘင်းမ်စတက်)၏ (၁၁)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ဩဂုတ် ၈ ရက်က ကျင်းပလျက်ရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြ၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ရွှေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန စီးပွားရေးဌာနမှ ဌာနစုမှူး(၁) ဦးကျော်စိုးသိန်းတို့ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ၏ခန္ဓာကိုယ်အတွင်း အက်စစ်ဓာတ်ထိန်းညှိခြင်း ဆေးပညာရပ်ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် လူ၏ခန္ဓာကိုယ်အတွင်း အက်စစ်ဓာတ်ထိန်းညှိခြင်းဆိုင်ရာ ဆေးပညာရပ်(Acid Base Balance)အကြောင်း စဉ်ဆက်မပြတ် ဆေးပညာ အသိပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ဆေးတက္ကသိုလ်(၁)နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးတက္ကသိုလ်(၂)တို့၏ ဇီဝကမ္မဗေဒဌာနနှင့် ဇီဝဓာတုဗေဒဌာနတို့နှင့် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတို့၌ မှတ်ပုံတင်နိုင်ကြပြီး မှတ်ပုံတင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၁၅၀၀ ဖြစ်၍ မှတ်ပုံတင်သူများအား ဟောပြောပွဲစာအုပ်များကို ဖြန့်ဝေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်/ မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် ဩဂုတ် ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသင်္ဘောခေါက်ရေ(၂) **"မြဧရာ"** ရေယာဉ်သည် ဩဂုတ် ၁၅ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၂၉၂၁၉၉၊ ၂၉၂၃၁၉ တို့သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတွဲခရိုင်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၉

သံတွဲခရိုင်အသင်း (ဂွ–တောင်ကုတ် သံတွဲ)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီခွဲက စမ်းချောင်းမြို့နယ် ဥယျာဉ်ကျောင်းလမ်းရှိ သုခိတာရာမ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ကျောင်းထိုင်သော သံတွဲခရိုင်ဖွား ပဓာန နာယကဆရာတော် အပါး ၅၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံတွဲခရိုင်ဖွား သံဃာတော် သုံးပါးတို့အား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာကျင်းပပွဲနှင့် သံဃာတော်များအား နေ့ဆွမ်းကပ်လှူဒါန်းပွဲများ ကျင်းပမည်ဖြစ်ရာ သက်န်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက နာယက ဦးချစ်မောင် ဖုန်း–၀၉–၅၀ ၁၄၂၈၃၊ နာယက ဦးကျော်ရင် ဖုန်း–၃၇၅၈၄၄၊ နာယက ဦးကျော်ဝင်း ဖုန်း–၂၉၁၂၀၀၊ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း–၀၉–၅၁ ၂၆၄၈၉၊ ၃၇၆၈၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း–၀၉–၅၁ ၂၁၅၂၁၊ ၆၄၃၆၂၀နှင့် အတွင်းရေးမှူး ဦးမောင်မောင်သိန်းဖေ ဖုန်း–၀၉–၅၁ ၁၂၃၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ကွယ်လွန်သူ ဗိုလ်မှူးချုပ်တင်ဦး(လေ)အား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ခုနစ်မိုင်ခွဲ တေးနုယဉ်ရိပ်သာလမ်း အမှတ် ၂၆ D နေ ဒေါ်ညွှန့်ညွှန့်ရီမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အမှုဆောင် ဆရာတော် အရှင်ကုသလ(M.A) ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြဝတီမင်းကြီး ၁ လမ်း (၅၁)ရပ်ကွက် ပဓာန နာယကဆရာတော် (တွံတေး) အရှင်ဣန္ဒက ဓမ္မကထိက ဗဟုဇန ဟိတဓရ ကမ္မဋ္ဌာနာစရိယ မဟာစည်နည်းလှည့်ဓမ္မကထိက၏ (၄၅)နှစ်မြောက် မွေးနေ့အလှူတော်အဖြစ် အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ တာဝန်ခံ ဒေါ်ခင်မာအေး (စွမ်းအင်)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း "ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်" လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၇ ရက်က မြို့နယ်အသင်းရုံး၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က နို့တိုက်မိခင် ပထမဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (က–ပ)

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ရင်ချင်းဆက်အမြွှာညီအစ်မ ခွဲစိတ်ကုသပေးခဲ့

အမေရိကန်နိုင်ငံ ဆော့လိပ်စီးတီး ကလေးဆေးရုံ၌ အသက်လေးနှစ်အရွယ် ရင်ချင်းဆက်အမြွှာညီအစ်မကို ၁၆ နာရီကြာ ခွဲစိတ်ကုသပေးလိုက်သည်။

ပထမဆုံး

ကင်ဒရာနှင့် မလီယာဟာရင် ညီအစ်မတို့သည် တင်ပါးဆုံရိုးတစ်ခုတည်း၊ ကျောက်ကပ် တစ်ခုတည်း အသက်ရှင်နေကြခြင်းဖြစ်သည်။ ကျောက်ကပ်တစ်ခုတည်းရှိသော အမြွှာတို့ကို ခွဲစိတ်ကုသခြင်းမှာ ဤအကြိမ်သည် ပထမဆုံးဖြစ်သည်ဟု ဆိုသည်။

ပြုပြင်ပေး

ရင်ချင်းဆက်အမြွှာညီအစ်မကို တစ်သီးတခြားစီဖြစ်အောင် ခွဲစိတ်ပြီးနောက် ပြန်လည်ခွဲစိတ်ပြုပြင်ပေးနေရသည်။ ခွဲစိတ်ပြီးလူနာအခန်းတွင် ကြာကြာထားရဦးမည်ဖြစ်ကြောင်း ၎င်းတို့၏မိဘများကို ဆရာဝန်များက ပြောထားသည်။ အသက်ရှင်နိုင်မည့်အလားအလာမှာ ၅ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်းကြားရှိသည် ဆို၏။ (ကိုးကား–အင်တာနက်)

အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲ မိုင်းဆတ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၉

မိုင်းဆတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာ ပေးဆောင်ရန် ပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်က မိုင်းဆတ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိရတနာခန်းမတွင် ကျင်းပရာ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဌေး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အခွန်ထမ်းများ၏ မေးမြန်းချက်များကို ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးမှူးတို့က ပြန်လည် ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ကြိုးမဲ့ဘရော့ဘင်ပစ္စည်းများ ဆိုနီမှ ဈေးကွက်ဖြန့်ချိမည်

အွန်လိုင်းမှ သီချင်းများ ဖမ်းယူနားဆင်နိုင်သော ကြိုးမဲ့စနစ်သုံး ဘရော့ဘင်ပစ္စည်းတစ်မျိုးကို ဆိုနီကုမ္ပဏီက ထုတ်လုပ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုနိုင်

ယင်းဘရော့ဘင် ပစ္စည်းသည် အင်တာနက်မှ သတင်းအချက်အလက်များပေးပို့ခြင်း၊ သီချင်းများ နားဆင်နိုင်ခြင်း၊ ဓာတ်ပုံများနှင့် ဗွီဒီယိုဖိုင်များကို ဖမ်းယူကြည့်ရှုနိုင်ခြင်း ပြုလုပ်နိုင်ကြောင်း သိရသည်။

ရောင်းချ

အဆိုပါ မီဒီယာသုံးပစ္စည်းမှာ အိတ်ကပ်အရွယ်အစားဖြစ်ပြီး အလွယ်တကူ ယူဆောင်သွားနိုင်ကြောင်း သိရသည်။ ၎င်းကို ဆိုနီကုမ္ပဏီက စက်တင်ဘာလမှစပြီး အမေရိကန်ဈေးကွက်များတွင် တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရောင်းဈေး

ယင်းမှာ အင်တာနက်ဖုန်း ဆက်သွယ်ပြောဆိုနိုင်ကြောင်း၊ ရောင်းဈေးမှာ ဒေါ်လာ ၃၅၀ ရှိသည်။

ဆိုနီက အင်တာနက် ဖုန်းဆက်သွယ်မှုများအတွက် ယာဟူးနှင့် ဂိုဂဲလ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ထားကြောင်း၊ သို့ရာတွင် ၎င်းပစ္စည်းကို မိုဘိုင်းလ်ဖုန်းခေါ်ဆိုမှုများတွင် အသုံးမပြုနိုင်ကြောင်း သိရသည်။

(ကိုးကား–အင်တာနက်)

စွမ်းအင်ဝန်ကြီးဌာနနှင့် မလေးရှားကုမ္ပဏီတို့ လက်မှတ်ရေးထိုး ဖြစ်နိုင်စွမ်းလေ့လာမှုအကောင်အထည်ဖော်ရန် ပူးတွဲလေ့လာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနနှင့် မလေးရှားနိုင်ငံ Petroliam Nasional Berhad (Petronas) ကုမ္ပဏီတို့အကြား Memorandum of Intent(MOI) လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် PETRONAS ကုမ္ပဏီကိုယ်စား MLNG Group of Companies ၏ Managing Director နှင့် CEO ဖြစ်သူ Mr. Ahmad Nizam Bin Salleh တို့က ကျေးဇူးတင်စကား ပြောကြားသည်။

လက်မှတ်ရေးထိုးလဲလှယ်

ယင်းနောက် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် MLNG Group of Companies ၏ Managing Director နှင့် CEO ဖြစ်သူ Mr. Ahmad Nizam Bin Salleh တို့က Memorandum of Intent (MOI) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ပူးပေါင်းဆောင်ရွက်

စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနနှင့် PETRONAS ကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုးသည့် MOI သည် မြန်မာနိုင်ငံ၌ တွေ့ရှိထားပြီးဖြစ်သည့် သဘာဝဓာတ်ငွေ့များနှင့် နောင်တွင်တွေ့ရှိမည့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကိုအခြေခံကာ စီမံကိန်းနှစ်ခုဖြစ်သည့် အိမ်နီးချင်းနိုင်ငံများသို့ ပိုက်လိုင်းဖြင့်ပို့လွှတ်ရောင်းချသွားရေးနှင့် မြန်မာနိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas-LNG)အသွင်သို့ ပြောင်းလဲ ထုတ်လုပ်ရောင်းချသွားရေးတို့အတွက် စီးပွားရေးတွက်ခြေကိုက်မှုနှင့် အတတ်ပညာပိုင်းဆိုင်ရာ ဖြစ်နိုင်စွမ်းလေ့လာမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပူးတွဲလေ့လာမှုလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာနနှင့် PETRONAS ကုမ္ပဏီတို့မှ ပညာရှင်များက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင် စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် MLNG Group of Companies ၏ Managing Director နှင့် CEO ဖြစ်သူ Mr. Ahmad Nizam Bin Salleh တို့ Memorandum of Intent (MOI) လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြစဉ်။ (သတင်းစဉ်)

အမေ့မေတ္တာဘွဲ့ ကဗျာစာမူများပေးပို့နိုင်

ရန်ကုန် ဩဂုတ် ၉

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရ လင်္ကာရ အရှင်မြတ်သည် အမေ့မေတ္တာဘွဲ့ ကဗျာများကို **"အမေ့ကဗျာ အမေ့စာ"** အမည်ဖြင့် အမှတ်တရ ထုတ်ဝေမည်ဖြစ်ရာ ကဗျာရေးဖွဲ့သူများအားလုံး ပါဝင်ရေးသားချီးမြှင့်ကြပါရန် မေတ္တာရပ်ခံ ပန်ကြားထားသည်။

အမေ့မေတ္တာဘွဲ့ ကဗျာများကို စာကြောင်းရေ ၂၀ အထိ ရေးဖွဲ့နိုင်ပြီး အနည်းဆုံး သုံးပုဒ်ခန့်မျှ ချီးမြှင့်နိုင်ကြကာ ကိုးဘွဲ့ရဆရာတော် သဒ္ဓမ္မကာရီ ကျောင်းဆောင်၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး ဖုန်း-၀၇၂-၂၂၁၇၀၊ ၀၉၅-၃၃၀၈၉၅ နှင့် စာရေးဆရာ မျိုးသူရ၊ မြကျွန်းသာ စားတော်ဆက် ကုန်တိုက်လမ်း ပန်းဘဲတန်းရပ် စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၁၉၀၀ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၉

ကျေးဇူးရှင်လယ်တီ ဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာကျော်နိုင်ထွန်းက ဩဂုတ် ၁၅ ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၉ ရက်က သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက်နေ ဦးမင်းဦး-ဒေါ်လှလှဝေ(နေမင်းမြန်မာ မော်တော်ယာဉ်ထုတ်လုပ်ရေး) မိသားစုက စက်မှုလက်မှုရပ်ကွက်ရှိ ပါဠိကာရီ ပရိယတ္တိစာသင်တိုက် ပဓာနနာယက တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂီသ အမှူးပြုသော ကျောင်းရှိသံဃာအပါး ၁၀၀ ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး ပါဠိကာရီပရိယတ္တိစာသင်တိုက် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်အတွက် (Flyerone Jeep)တစ်စီးကို လှူဒါန်းပြီးတွေ့ရစဉ်။ (က-ပ)

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၉

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ အစ္စလာမ်မာဘတ်မြို့တွင် ၂၀၀၆ ခုနှစ် ဩဂုတ်၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ တရားရုံးချုပ် တည်ထောင်သည့် နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာ တရားရေးကွန်ဖရင့်သို့ တက်ရောက်ရန် တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး ဦးဆောင်ပြီး အဖွဲ့ဝင်အဖြစ် တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တရားရုံးချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

သာစည်မြို့နယ် သန်းတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်

ရန်ကုန် ဩဂုတ် ၉

သာစည်မြို့နယ် သန်းတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်သည့်အခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၁၀နာရီက အဆိုပါ မူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သိန်းမြင့်က အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမောင်မောင်အေးက မူလွန်ကျောင်းများ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကလေးငယ်များအတွက် စာရေးကိရိယာများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါ်စန္ဒာဦးက စာရေးကိရိယာများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးက ကျောင်းတွင်းစာကြည့်တိုက်အတွက်သုတရသစာအုပ်မျိုးစုံကိုလည်းကောင်းပေးအပ်လှူဒါန်းကြရာကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် မူလတန်းလွန်ကျောင်းကို မြို့နယ်ပညာရေးမှူး ဒေါ်သိန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရေချိုပုစွန်မွေးမြူရေးအခြေခံသင်တန်း အမှတ်စဉ် (၄) ကို ၂၀၀၆ခုနှစ် ဩဂုတ်၁၄ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်ရုံး ဘုရင့်နောင် လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဖုန်း-၆၈၃၆၅၁၊ ၆၈၃၆၅၂၊၆၈၃၆၅၃ လိုင်းခွဲ ၁၀၆သို့ ဆက်သွယ်၍ ဩဂုတ် ၁၂ရက် နောက်ဆုံးထားပြီး စာရင်းပေးပို့နိုင်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထုပ်ပိုးအလှဆင် ပလတ်စတစ်ပက်ကင်
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ (နေရှိုင်းအောင်၏ ဇာတ်ကားများအထူးပွဲ)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	မြေအိုးထမင်းနှင့် အခြားအရံဟင်းများ
၈း၂၀	ဆုရအက
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးဖွင့်ပွဲ အပိုင်း(၁)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ဖန်ချက်စက်ရုံ(သန်လျင်)
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ဒါရိုက်တာညိုမင်းလွင်နှင့် တွေ့ဆုံခြင်း)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	သိမှတ်စရာဆေးပညာ အပိုင်း (၂) (ဒေါက်တာအေးကျော်)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	ပန်းချီထဲမှ အလှတစ်ပါး ကျောက်စီပန်းချီကား
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ (နှောင်ကြိုးဖွဲ့သံယောဇဉ်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် တိုက် ၅ အခန်း ၄ သထုံလမ်း ကမာရွတ်မြို့နယ်နေ ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်တင်ရွှေအား အမှူးထား၍ ဦးမင်းသုခ (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)-ဒေါ်တင်တင်စိုး၊ သားမောင်အောင်ထက်၊ မောင်မင်းထက်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၈-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၇။	အဆိုပြိုင်ပွဲ
၈း၁၀	၈။	အကပဒေသာ
၈း၂၀	၉။	ပမ္မဝတီတံတား(မြင်းကဆိပ်)
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၀	၄။	တေးဂီတအစီအစဉ်
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၂၀	၇။	အတီးပြိုင်ပွဲ
၁၇း၃၀	၈။	**"အလျော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၇း၄၅	၉။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သီရိဂေဟာ
၁၉း၀၀	၁၃။	၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင်အဆင့်] (အမျိုးသား/အမျိုးသမီး)
၁၉း၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၁၃)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၉)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက် အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ဆက်လက် ထွက်ခွာလာပြီး ရန်ကုန်-ပုသိမ် လမ်းဘေးဝဲယာတစ်လျှောက်၌ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်နှင့် ပုသိမ်မြို့နယ်တို့မှ တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ခင်းများကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပုသိမ်မြို့ သို့ရောက်ရှိပြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းအတွင်းရှိ ဆေးရုံများ၊တိုင်းရင်းဆေးကုဌာနများ၊ ပရဟိတ ဂေဟာများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်းအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လှူဒါန်းမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

များစွာအထောက်အကူပြု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် ဆန်ရေစပါးနှင့် သားငါးပေါများလှသည့် တိုင်းတစ်တိုင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုသည့် တိုင်းတစ်တိုင်းအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းက ထွက်ရှိသည့် လယ်ယာ၊ သား၊ ငါးထွက်ကုန်များသည် ဒေသအတွက် ဖူလုံရုံသာမက အခြားပြည်နယ်နှင့်တိုင်းများကိုပါ တင်ပို့ရောင်းချနိုင်သည့် အဆင့်ရှိသည့်အတွက် ဧရာဝတီတိုင်းသည် အခြားပြည်နယ်နှင့်တိုင်းများက အားထားရသော တိုင်းဖြစ်ကြောင်း။

မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသည့်တိုင်းဖြစ်သည့်အတွက် လည်းကြိုးစားအားထုတ်နိုင်သလောက် အကျိုးဖြစ်ထွန်းနိုင်သည့် ဒေသဖြစ်ကြောင်း၊ ဧရာဝတီတိုင်းမှ ပြည်သူများ၏စွမ်းအားသည် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားကို များစွာ အထောက်အကူပြုလျက် ရှိကြောင်း၊ လူတစ်ဦးချင်းစီ၏ ဝင်ငွေကလည်း မြင့်မား တိုးတက်လာသည့် အပြင် လူနေမှုအဆင့်အတန်းကလည်း ယခင်ကာလနှင့်မတူဘဲများစွာ တိုးတက်ပြောင်းလဲလာသည်ကိုတွေ့ရကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ချမှတ်ပြီး ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ခုနှစ် စိုက်ပျိုးရေးရာသီတွင် မိုးစပါးစိုက်ဧက ၃၇သိန်း လျာထားခဲ့ရာ လျာထားချက်အပေါ် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စပါးသာမက အခြားစက်မှုကုန်ကြမ်းသီးနှံများ၊ စားဖိုဆောင်သီးနှံများကို ရာသီချိန်အလိုက် တိုးချဲ့စိုက်ပျိုးကြရန်လည်း လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းမှ ... ငရုတ်ကောင်းနှင့်နှစ်ရှည်သီးနှံ ရော်ဘာကိုလည်းလျာထားစိုက်ဧက ပြည့်မီအောင် အချိန်ကိုက် စိုက်ပျိုးကြရန် လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံတော်၏စွမ်းအင်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည့် ခြစ်ဆီရိုးကြက်ဆူပင် ဧကငါးသိန်းကို သုံးနှစ်အတွင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများကို မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊နိုင်ငံတော်က ဘဏ္ဍာငွေကြေး ထောက်ပံ့ပေးနေသကဲ့သို့ တာဝန်ရှိသူများ၊ စေတနာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ လှူဒါန်းမှုပြုနေသည်ကို တွေ့ရကြောင်း၊ ယခုအခမ်းအနားတွင်လည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဒေသတာဝန်ရှိသူများနှင့် ပြည်သူများ၏အစီအမံနှင့် စေတနာကို ဖော်ပြသည့်ဂုဏ်ပြုအပ်သည့် အခမ်းအနား တစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၁၄၂ သိန်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်ကလည်းကောင်း၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၁၀၂ သိန်းကို ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်ကလည်းကောင်း၊ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၁၀၇ သိန်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက လည်းကောင်း၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏လှူဒါန်းငွေကျပ်၇၄သိန်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်ကလည်းကောင်း၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏လှူဒါန်းငွေကျပ် သိန်း ၁၂၀ ကိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က လည်းကောင်း၊ ပျားဝတ်ရည်အင်တာပရိုက်စ်မှ ဒေါ်ညွှန့်ညွှန့်ဝင်းက ငွေကျပ်၄၅၀၀၀၀တန်ဖိုးရှိ ချွဲစုပ်စက်နှစ်စုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဧရာဝတီတိုင်း အတွင်းရှိ ဆေးရုံများ၊ တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများ အတွက် အလှူငွေများ၊ တိုင်းပြည်သူ့ဆေးရုံကြီးသို့ သွေးကြည်ရည်နှင့် သွေးဥများခွဲခြားစက်နှင့် မအူပင်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွေးလှူဘဏ်သုံး ရေခဲသေတ္တာများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ် သူရမြင့်အောင်က ပရဟိတဂေဟာများသို့ လှူဒါန်းငွေများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ လှူဒါန်းငွေများ၊ တိုင်းပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ် ၄၅၀၀၀၀တန်ဖိုးရှိ ချွဲစုပ်စက်နှစ်လုံး၊ တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဘင်ခရာအဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ်တို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းသည့် တန်ဖိုးငွေစုစုပေါင်းမှာ ငွေကျပ် သိန်း၂၀၃၀ ဖြစ်ကြောင်း သိရှိရသည်။

ချင်းစိုက်ပျိုးမှု

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပုသိမ်တပ်နယ်ရှိနယ်မြေခံတပ်ရင်း၌ စိုက်ပျိုးထားသည့် ခြစ်ဆီရိုးကြက်ဆူပင် စိုက်ခင်း၊ ခြင်းဖြင့် ချင်းစိုက်ပျိုးထားရှိမှု၊ ဘောင်ဖြင့် ချင်းစိုက်ပျိုးထားရှိမှုနှင့် ငရုတ်ကောင်း စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အောင်မြင်ဖြစ်ထွန်း

အဆိုပါ နယ်မြေခံတပ်ရင်းရှိ မြေသုံးဧက၌ ခြစ်ဆီရိုးကြက်ဆူပင် ၃၀၀၀ကျော်ကို ယခုနှစ် ဧပြီလတွင် စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ အနောက်တောင်တိုင်း စစ်ဌာနချုပ် စခန်းရုံး ခြစ်ဆီရိုးကြက်ဆူပင် စိုက်ခင်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ခြစ်ဆီရိုးကြက်ဆူပင်များတွင် ကျရောက်တတ်သည့် ရောဂါပိုးများကို ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံ တပ်ရင်း၏ ခြစ်ဆီရိုးကြက်ဆူပင် စိုက်ခင်းသို့ သွားရောက်၍ ခြစ်ဆီရိုးကြက်ဆူပင်များမှ ထွက်ရှိသော ကြက်ဆူစေ့များကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်တိုးချဲ့ စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

စိုက်ပျိုးထား

အဆိုပါ နယ်မြေခံတပ်ရင်းရှိ မြေ ၂၇ဧက၌ ခြစ်ဆီရိုး ကြက်ဆူပင် ၃၃၀၀၀ကျော်ကို စိုက်ပျိုးထားကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းအနေဖြင့် ခြစ်ဆီရိုးကြက်ဆူပင်ကို ယခုနှစ်တွင် ဧက ၁၀၀၀၀စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ဧက ၁၀၆၀၀စိုက်ပျိုးနိုင်ခဲ့ပြီး တပ်ရင်း၊ တပ်ဖွဲ့များ အနေဖြင့်လည်း လျာထားချက်နှင့်အညီ ၁၁၁၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ပုသိမ်တက္ကသိုလ်၏ ခြစ်ဆီရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲက ပုသိမ်တက္ကသိုလ် ပရိဝုဏ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များသို့ ခြစ်ဆီရိုးကြက်ဆူပင်များကိုပေးအပ်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဦးဆောင်ကာ ခြစ်ဆီရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

အကျိုးရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ခြစ်ဆီရိုးကြက်ဆူပင်သည်လောင်စာဆီ အခက်အခဲကို အထောက်အကူပြုနိုင်သည့် ဇီဝဒီဇယ် ဆီထုတ်ယူအသုံးပြုနိုင်သဖြင့် အိမ်တိုင်း၊ အိမ်တိုင်း စိုက်ပျိုးကြရန်လိုကြောင်း၊ ခြစ်ဆီရိုးကြက်ဆူပင်သည် လွယ်လွယ်ကူကူစိုက်ပျိုးနိုင်ပြီး မိမိအိမ်၌ပင် ဆီကြိတ်သုံးစွဲနိုင်ကာ ကြိတ်ဖတ်မှ ကွန်ပေါင်းဓာတ်မြေဩဇာပါ ရရှိနိုင်၍ နိုင်ငံတော်အတွက်သာမက စိုက်ပျိုးသူများအတွက်ပါ အကျိုးရှိကြောင်း၊ မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ်သာမက အိမ်တိုင်း အိမ်တိုင်း စိုက်ပျိုးဆောင်ရွက်သွားကြရန်နှင့်အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ခြစ်ဆီရိုးကြက်ဆူပင်များကို စိုက်ပျိုးနိုင်ရန် ပုသိမ်တက္ကသိုလ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ပေးအပ်

အလားတူ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များထံပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်တို့က ဦးဆောင်၍ ခြစ်ဆီရိုးကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများက ခြစ်ဆီရိုးကြက်ဆူပင်များကို သတ်မှတ်နေရာအသီးသီး၌ စုပေါင်းစိုက်ပျိုးကြသည်။

ပုသိမ်တက္ကသိုလ် အနေဖြင့် ခြစ်ဆီရိုးကြက်ဆူပင် စိုက်ပျိုးမှုမှာ ပထမအကြိမ်တွင် ပျိုးပင် ၁၁၀၀၀နှင့် ယခု ဒုတိယအကြိမ်အဖြစ် ပျိုးပင် ၂၄၀၀ စုစုပေါင်း ခြစ်ဆီရိုးကြက်ဆူပင် ၁၃၄၀၀ကို မြေ ၁၂ဧကခန့်၌ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ မဟာဗန္ဓုလလမ်း၌ ကျင်းပသည့် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့အား ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ပေးအပ်ပြီး ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကုန်ကျစရိတ်

အဆိုပါ အဆောက်အအုံသစ်မှာ အလျားပေ ၁၀၀၊ အနံ ၅၆ ပေနှင့် အမြင့် ၁၂ ပေရှိပြီး တစ်ထပ်တိုက် အဆောက်အအုံဖြစ်သည်။ တည်ဆောက်မှု ကာလသည် ခြောက်လကြာမြင့်ခဲ့ပြီး အဆောက်အအုံ၏ ကုန်ကျစရိတ်မှာ ငွေကျပ် ၄၆၇ဒသမ၅ သိန်း၊ ကွန်ကရစ်လမ်း၏ ကုန်ကျစရိတ်မှာ ငွေကျပ် သိန်း ၄၀၊ သံပန်းနှင့် ဝင်းခြံ ကာရံခြင်း၏ ကုန်ကျစရိတ်မှာ ငွေကျပ် ၁၃ဒသမ၅ သိန်းနှင့် ပရိဘောဂများ၏ တန်ဖိုးမှာ ငွေကျပ် ၃၃ သိန်း စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ် ၅၅၄ သိန်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်ကို ဩဂုတ် ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင်ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေး၊ အိုင်အိုဒင်းဆားနှင့် ကြက်ဥများ ပေးဝေစဉ်။

(မြို့နယ် မိခင်/ကလေး)

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သော သီချင်းများ

မဟာဂီတ

၁။ ပညာရှင်အဆင့်(အမျိုးသား+အမျိုးသမီး)

(က) သံသာညိုးညင်း (သီချင်းခံ)
(ခ) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
(ဂ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
(ဃ) မင်းခမ်းတော်စုံ (သီချင်းခံ)
(င) တောင်ယံတောကြီး (မွန်)
(စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ဆ) လွမ်းခလေ့ (ပတ်ပျိုး)
(ဇ) ခွာပြာသင်း (ပတ်ပျိုး)
(ဈ) တိမ်မှောင်ဝေးကင်း (လောကနတ်)
(ည) ဝတီနန်း (သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်(အမျိုးသား+အမျိုးသမီး)

(က) ရွှေယင်ပေါင် ငွေယင်ပေါင် (ပတ်ပျိုး)
(ခ) ဖြူပြာမှုရာ (ပတ်ပျိုး)
(ဂ) ဘုန်းထူးဝေဆာ (သီချင်းခံ)
(ဃ) တောတောင်စွယ် (ယိုးဒယား)
(င) စိန်ကြယ်ညီးလင်း (မွန်)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား+အမျိုးသမီး)

(က) ဖန်ထွေလာ (မွန်)
(ခ) မြိုင်ခြေစုံသာ (ပတ်ပျိုး)
(ဂ) နှင်းယွန်းခါပောမန် (ယိုးဒယား)
(ဃ) လက်ယာသပြေ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅–၂၀)နှစ်(အမျိုးသား+အမျိုးသမီး)

(က) ရွှေတညာ (ယိုးဒယား)
(ခ) သူရကန် (ပတ်ပျိုး)
(ဂ) သပြေသောင်းလုံး (ဘွဲ့)
(ဃ) ပန်းညောင်လှိုင်ဘွဲ့ (ယိုးဒယား)

၅။ အခြေခံပညာ(၁၀–၁၅)နှစ် (အမျိုးသား+အမျိုးသမီး)

(က) ဝေယံလိုပင် (ကြိုး)
(ခ) မြိုင်ဟောမာ (ယိုးဒယား)
(ဂ) မြသို့ငယ်စိမ်းနု (ဘွဲ့)
(ဃ) အိုကြော့ဆုံးမယ် (ပတ်ပျိုး)

၆။ အခြေခံပညာ(၅–၁၀)နှစ် (အမျိုးသား+အမျိုးသမီး)

(က) သည်ဆောင်းဟောမန် (ဘွဲ့)
(ခ) မှိုင်းရိပ်တယ်တည့် (ကြိုး)
(ဂ) နန်းဘုံသီဟာဇွေ (ယိုးဒယား)
(ဃ) မြမန်းဂီရိ (ယိုးဒယား)

ကာလပေါ်တေး/ခေတ်ပေါ်တေး

၁။ ပညာရှင်အဆင့်(အမျိုးသား)

(က) ပတ္တမြားပလ္လင် — ဂီတာစိမ်းမောင်
(ခ) ဖောခိုပင်နှင့်ရွှေပလ္လင် — ဒေါ်ကြည်အောင်
(ဂ) ရပ်ကြီးသူ — ဦးသိန်းကြွယ်
(ဃ) တောင်သမန် — နန်းတော်ရှေ့ဆရာတင်
(င) ဘုံခမ္ဘာတာ — ဥသြဘသောင်
(စ) ကျောင်းတော်ရာ — ပြည်ဘရှင်
(ဆ) တေဘုမ္မာ — မောင်မောင်ကြီး
(ဇ) ပန်းစုံတဲ့တော — ခင်မောင်ရင်
(ဈ) ဗုဒ္ဓသာသနာရောင် — ဥသြဘသောင်
(ည) မင်္ဂလာတော် — ဥသြဘသောင်

၂။ ပညာရှင်အဆင့်(အမျိုးသမီး)

(က) ဆယ့်နှစ်လရာသီ — မေမေဝင်း
(ခ) မဟာတြိရတနာ — ရီရီသန့်
(ဂ) သုံးရွှေ့လယ် — ဒေါ်ကြည်အောင်
(ဃ) ဓာတ်တော်ဝေခန်း — ဒေါ်ကြည်အောင်
(င) မြိုင် — ရီရီသန့်
(စ) ဇာတိအာဏာ — စိန်ဂွန်းခင်မေ
(ဆ) နွေဦးတေးသံသာ — မေလှမြိုင်
(ဇ) ဝေသန္တရာ — ရီရီသန့်
(ဈ) ပုံသန်းရမည့်နေ့ — စိန်စိန်မြိုင်
(ည) မိဘမေတ္တာ — ဒေါ်ကြည်အောင်

၃။ ဝါသနာရှင်အဆင့်(အမျိုးသား)

(က) ချစ်ရတုထံတျာ — ကိုလေးမြင့်
(ခ) အောင်နိမိတ် — ဒေါ်ကြည်အောင်
(ဂ) တပေါင်းသာခေါင် — ကိုတင်အောင်သန်း
(ဃ) ဗုဒ္ဓဂုဏ်ရည်ခြောက်ရောင်ခြည် — ကိုမင်းနောင်
(င) စာဆိုစစ်သည် — စန္ဒရားထွန်းညွန့်
(စ) ရွှေတိဂုံသမိုင်း — ဒေါ်ကြည်အောင်

၄။ ဝါသနာရှင်အဆင့်(အမျိုးသမီး)

(က) အာရောဂျံ — ဒေါ်ကြည်အောင်
(ခ) စိတြဂီဝါ — ဒေါ်ကြည်အောင်
(ဂ) ကထိန်သင်္ကန်း — စိန်ပါတီ
(ဃ) ခမ္ဘစကြာ — ဒေါ်ကြည်အောင်
(င) စိမ်းရောင်စို — လေဘာတီမြရင်
(စ) ခရီးဖော် — ဂီတလုလင် ဦးကိုကိုနှင့်အဖွဲ့

၅။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

(က) တို့တောရွာ — ဥသြဘသောင်
(ခ) ဂုဏ်တော်ဖွင့် — ပြည်လှဖေ
(ဂ) ရွှေမင်းဝံ — ကိုအံ့ကြီး
(ဃ) အမတမျိုးစေ့ — စန္ဒရားခွန်တင်ကြွယ်

၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

(က) မေတ္တာပဟူသည် — ထား
(ခ) ယောကျာ်းဆုပန် — လေဘာတီမြရင်
(ဂ) ရွှေမိုးရယ်မှောင်
(ဃ) ရတနာသုံးဆူ — ရီရီသန့်

၇။ အခြေခံပညာ(၁၅–၂၀)အဆင့် (အမျိုးသား)

(က) လူချွန်လူကောင်း — ကိုအံ့ကြီး
(ခ) စိန္တာမဏိ — စောင်းဦးဘသန်း
(ဂ) မြန်မာ့ထောပတ် — မြသက်မူ
(ဃ) မြတ်ဒေသနာ — သထုံဘသိန်း

၈။ အခြေခံပညာ(၁၅–၂၀)အဆင့်(အမျိုးသမီး)

(က) ပွဲကြိုက်မောင် — ဒေါ်ကြည်အောင်
(ခ) သုဝဏ္ဏသာမ — စိန်ပါတီ
(ဂ) မြစ်ကြီးဧရာဝတီ — မြင့်မြင့်ခင်
(ဃ) တေမိယ — မေရှင်

၉။ အခြေခံပညာ(၁၀–၁၅)အဆင့်(အမျိုးသမီး)

(က) အမေ့ပါးကသနပ်ခါး — တွံတေးသိန်းတန်
(ခ) ဆုတောင်းပတ္တနာ — ကိုညွန့်လွင်
(ဂ) တောခလေ့ — ညီညီလေး
(ဃ) သုဝဏ္ဏသျှံ — ပြည်လှဖေ

၁၀။ အခြေခံပညာ(၁၀–၁၅)အဆင့်(အမျိုးသမီး)

(က) ချစ်စရာ့ပန်း — တင်တင်မြ
(ခ) ခမ္ဘစက်တော် — မြင့်မြင့်ရှိန်
(ဂ) ဖိုးသာအောင် — မေသစ်
(ဃ) ငါးဖြာအနန္တ — တင်တင်မြ

၁၁။ အခြေခံပညာ(၅–၁၀)အဆင့်(အမျိုးသား)

(က) မမေ့သောအညာ — သန်းထွန်းလေး
(ခ) မဟာဇနက — ဒေါ်ရင်ရင်
(ဂ) အညာတစ်ခေါက် — ထွန်းထွန်းလေး
(ဃ) နီလစိန်ရောင်ခြည် — ကိုမင်းနောင်

၁၂။ အခြေခံပညာ(၅–၁၀)အဆင့်(အမျိုးသမီး)

(က) သတိရစရာလေးများ — အေဝမ်းတင်တင်လှ
(ခ) ဂေါတမမြတ်ဘုရားဂုဏ် — တင်တင်မြ
(ဂ) မယ်ရွှေးလို့ဆင်ပါ့မယ် — ထား
(ဃ) မေတ္တာ — မြသက်မူ

(ဆက်လက်ဖော်ပြပါမည်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

တိုင်းရင်းဆေးသမားတော် အထူးကုဆေးတိုက်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်း)၏ တိုင်းရင်းဆေးသမားတော်အထူးကုဆေးတိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂ရက် ညနေ၃နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၅လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ အဆိုပါအထူးကုဆေးတိုက်မျက်နှာစာ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာအရာရှိများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိများ၊ တိုင်းရင်းဆေးသမားတော်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာအစီအစဉ်အရ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က တိုင်းရင်းဆေး သမားတော်အထူးကုဆေးတိုက် ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တိုင်းရင်းဆေးသမားတော် အထူးကုဆေးတိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ တိုင်းရင်းဆေးသမားတော် အထူးကုဆေးတိုက်တွင် တိုင်းရင်းဆေးအထူးကု သမားတော်ကြီးများ ကိုယ်တိုင် နေ့စဉ်ပိတ်ရက်မရှိ နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီနှင့် ညနေ၅နာရီမှည၈နာရီအထိ ဖွင့်လှစ် ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၉

၂၀၀၆ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် Code Watch နှင့် ပတ်သက်၍ ဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမြင်းမိုရ်ဆရာတော် မိုးကုတ်တရားစခန်း ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၉

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင်းမိုရ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနာ့ဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင်းမိုရ်ကျောင်းတိုက်၌ ဩဂုတ် ၁၃ ရက်မှ ၂၂ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈ သို့ဖြစ်စေ ဩဂုတ် ၁၂ ရက်အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဖွံ့ဖြိုးဝေစည် တိုင်း တနင်္သာရီ

ပြင်ဦးလွင် ချစ်ဆွေ

လမ်းပန်းဆက်သွယ်ရေး

တနင်္သာရီတိုင်းတွင် ယခုအခါ ရန်ကုန်၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းတို့အကြား ရေခြားမြေခြား ဖြစ်နေမှုကို တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းများကို ပြေးဆွဲဖောက်လုပ် ပြုပြင်ပေးလျက်ရှိသည်။ ဒေသအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကအကျဆုံးမှာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တနင်္သာရီတိုင်းအတွင်း၌ သံကူကွန်ကရစ်ဖြင့် အခိုင်အမာတည်ဆောက်ထားသည့် တံတားကြီးရှစ်စင်းကို အချိန်တိုကာလအတွင်း တည်ဆောက်ပေးခဲ့သည်။ အဆိုပါ တံတားကြီးမှာ ၁၉၉၈ခုနှစ်တွင် ဝင်းကတံတား၊ ပလောက်တံတားနှင့် ပလောတံတား၊ ၂၀၀၀ပြည့်နှစ်တွင် ပေ၁၃၆၀ ရှည်သည့် တနင်္သာရီတံတား၊ ၂၀၀၁ ခုနှစ်တွင် ကျောက်ဖျာမြစ်ကူး တံတား၊ ပေ ၈၁၀ရှည်သည့် ပသောင်းတံတား၊ ၂၀၀၃ခုနှစ်တွင် လေညာ-မဏ္ဍိုင်တံတားနှင့် ၂၀၀၄ခုနှစ်တွင် မြိတ်မြို့အနီးမှ ၃၆၁၂ပေ ရှည်သည့် ကျွဲကူး-ကျောက်ဖျာတံတားတို့ ဖြစ်သည်။ ကျွဲကူး-ကျောက်ဖျာတံတားကြီးမှာ တနင်္သာရီတိုင်းတွင် အရှည်လျားဆုံး တံတားဖြစ်သည်။

ကျွဲကူး-ကျောက်ဖျာတံတားကြီး ဖွင့်လှစ်ပြီးချိန်မှစ၍ ယနေ့ဆိုလျှင် မော်တော်ကားလမ်းဖြင့် မြန်မာနိုင်ငံ မြောက်ဖျား ကချင်ပြည်နယ် မြစ်ကြီးနားမှ မြန်မာနိုင်ငံတောင်ဖျား၊ တနင်္သာရီတိုင်း၊ ကော့သောင်းမြို့အထိ မိုင်ပေါင်း ၁၉၀၀ခရီးကို အခက်အခဲမရှိ လုံခြုံချောမွေ့စွာ ကူးသန်းသွားလာနိုင်ပြီ ဖြစ်သည်။

ရေကြောင်းခရီးတွင် မြိတ်မြို့၌ ရေနက်ဆိပ်ကမ်းရှိသဖြင့် ပင်လယ်ကူးသင်္ဘောကြီးများပင် ဆိုက်ကပ်၍ရသည့် ဆိပ်ခံတံတားကြီးများ တည်ဆောက်ပေးခဲ့သည်။ ပင်လယ်ကမ်းရိုးတန်းသွားကြယ်ငါးပွင့်ပိုင် တောင်ကြီး၊ ဟားခါး၊ မြစ်ကြီးနားစသည့် ပင်လယ်ကူးသင်္ဘောကြီးများဖြင့် ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ခရီးသည်များနှင့် ကုန်စည်များကို ခေါက်ရေတိုးချဲ့၍ ပြေးဆွဲပေးလျက်ရှိသည်။ ထို့ပြင် အမြန်ရေယာဉ်များကလည်း ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ခရီးသည်များ နေ့ချင်းပေါက် ပြေးဆွဲပေးလျက်ရှိသည်။ ခရီးသည်များ သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရန်အတွက် လေအေးစက်နှင့် ခေတ်မီထိုင်ခုံများ တပ်ဆင်ပေးထားသဖြင့် ကမ္ဘာလှည့်ခရီးသည်များကပင် သဘောကျနေကြသည်။

လေကြောင်းခရီးအတွက် ထားဝယ်လေဆိပ်၊ မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်တို့ကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့သည်သာမက ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့၌ လေဆိပ်အသစ်တစ်ခု တည်ဆောက်ပေးခဲ့သည်။ ယခင်က မြန်မာ့လေကြောင်းသာ ပြေးဆွဲပေးနိုင်ခဲ့သည်။ ယခုအခါ ပုဂံအဲယားဝေး၊ ရန်ကုန်အဲယားဝေး လေကြောင်းလိုင်းများ ကလည်း ထားဝယ်၊ မြိတ်၊ ကော့သောင်းများသို့ နေ့စဉ်ပျံသန်းပေးလျက် ရှိသည်ကို တွေ့ရသည်။

တနင်္သာရီတံတားကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရထားလမ်းပိုင်းတွင် ရေး-ထားဝယ် မီးရထားလမ်းသစ်အား ဖောက်လုပ်ပေးနိုင်ခဲ့သည်။

မြိတ်စက်မှုဇုန်

မြိတ်စက်မှုဇုန်ကို ၁၇-၁၁-၉၅ ရက်မှစ၍ တည်ဆောက်ခဲ့ပြီး မြိတ်စက်မှုဇုန် အမှတ်(၁)ကို တနင်္သာရီရေလုပ်ငန်း၊ ငါးမှုန့်ကြိတ်စက်ရုံ၊ အေးစန္ဒာအအေးခန်း ရေခဲစက်၊ ဗင်းတော့ချ် ငါးမှုန့်ကြိတ်စက်ရုံ၊ ဗင်းတော့ချ်အအေးခန်းရေခဲစက်နှင့် ကင်းမွန်ခြောက်စက်ရုံ၊ မြိတ်ဇင်းနစ်အအေးခန်းရေခဲစက်၊ အာရ်စီတီ အအေးခန်း ရေခဲစက်၊ KMKအအေးခန်းများ လည်ပတ်လျက်ရှိသည်။ စက်မှုဇုန်(၂)တွင် တနင်္သာရီရေလုပ်ငန်းကုမ္ပဏီ အအေးခန်း စက်ရုံ(ပထက်)၊ ပြည့်ဖြိုးထွန်းအအေးခန်းနှင့် ရေခဲစက်နှင့် သင်္ဘောကျင်း တို့ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ၊ ဈေးကွက်စီးပွားရေးစနစ်အရ လုပ်ငန်းအသစ်များ ကျယ်ပြန့်တိုးတက်လာသည့်အလျောက် ငါးပုစွန်၊ အအေးခန်း စက်ရုံကြီးများ၊ကျောက်ပုစွန်(ပင်)၊ ကျောက်ငါးနှင့် ရေခူများကို နိုင်ငံခြားပို့ကုန်များအဖြစ် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

ကျွဲကူး-ကျောက်ဖျာတံတားကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

သင်္ဘောကျင်း

မြိတ်နှင့် ကော့သောင်းတွင် ရေယာဉ်ပြုပြင်ရေး လွှန်းကျင်းများရှိသည်။ ကြယ်မင်းရေယာဉ်ပြုပြင်ရေး လွှန်းကျင်း(ကျွဲကူး)၊ သီတာရေယာဉ်လွှန်းကျင်း(ကော့သောင်း)တို့ ဖြစ်သည်။ ထိုသင်္ဘောကျင်းများသည် သင်္ဘော ၂၄စင်းကို တစ်ပြိုင်တည်း ပြုပြင်နိုင်သည်။

ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်း

တနင်္သာရီတိုင်းတွင် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနေသည့်လုပ်ငန်းမှာ ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၆၅၂ သန်း ဖြစ်သည်။

ဓာတ်သတ္တု

မြန်မာတစ်နိုင်ငံလုံး၏ ခဲမဖြူ၊ အဖြိုက်နက် ၆၂ ရာခိုင်နှုန်းကို တနင်္သာရီတိုင်းက ထုတ်လုပ်ပေးနိုင်ခဲ့သည်။ တနင်္သာရီမြို့နယ် မော်တောင်ဒေသတွင် ကျောက်မီးသွေး ထုတ်လုပ်လျက်ရှိရာ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် ၆၂၃၂၉၄ဒသမ ၇၃တန်ကို နိုင်ငံခြားသို့ရောင်းချနိုင်ခဲ့သည်။

မြန်မာ့ပုလဲ

ပုလဲကို မြိတ်ဒေသ ပုလဲကျွန်း၊ မလိကျွန်း၊ ရွှေကျွန်းတို့တွင် အများဆုံးရရှိနိုင်သည်။ အရည် အသွေးကောင်း မြန်မာ့ပုလဲကို နိုင်ငံတကာ ပုလဲဈေးကွက်မှအဝယ်လိုက်လျက်ရှိသည်။ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော မြန်မာအင်ဒါမင်ပါလ်ကုမ္ပဏီလီမိတက်ကို ၂၀၀၁ခုနှစ် ဧပြီလ၁၈ရက် နေ့က တည်ထောင်ခဲ့သည်။ ထိုကုမ္ပဏီလီမိတက်က ကမ္ဘာ့အကြီးဆုံး ပုလဲရတနာကြီးကို ရှာဖွေတွေ့ရှိခဲ့သဖြင့် နိုင်ငံတော်သို့ အပ်နှံခဲ့သည်။

ထိုကမ္ဘာ့အကြီးဆုံး ပုလဲရတနာကြီးသည် အလျားဖဒသမ ၂၈စင်တီမီတာ၊ အနံ ၅ဒသမ၃ စင်တီမီတာ၊ အမြင့် ၃ စင်တီမီတာရှိ၍ အလေးချိန်မှာ ၄၅ဒသမ၁၆မိုမီ၊ ကရက်အားဖြင့် ၈၄၅ ကရက်၊ ဂရမ်အားဖြင့် ၁၆၉ ဂရမ်၊ ရတီအားဖြင့် ၉၂၉ ဒသမ ၅၀ ရတီ ရှိသည်။ ပုလဲအမျိုးအစားမှာသဘာဝပုလဲရတနာဖြစ်ပြီးအရောင်အသွေးမှာ ငွေရောင်ဖြစ်၍ မိခင်မုတ်ကောင်အမျိုးအစားမှာ **"ပင်နက်တာ ဒါမက်စီမာ"** ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကမ္ဘာ့အကြီးဆုံး ပုလဲသာမက အလေးချိန် ၆၃၀၀၀ ကရက်ရှိ မိုးကုတ်ဒေသမှထွက်ရှိသည့် ကမ္ဘာ့အကြီးဆုံး ပတ္တမြားနှင့် အရှည်ပေ၇၀နှင့် လုံးပတ်၃၅ပေရှိ ဖားကန့်ဒေသမှ ထွက်ရှိသည့် ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းတုံးကြီးများလည်း ရှိပေသေးသည်။

ငါးလေလံဈေး

ငါးလေလံဈေးကို တနင်္သာရီမြစ်နှင့် ယောကြီးချောင်းတို့ဆုံရာ တနင်္သာရီတိုင်း မြိတ်မြို့အင်းလေးလမ်း စက်မှုဇုန်ဒေသရှိ စီမံကိန်းမြေဧရိယာ ၁၀၃ဒသမ၅၆ဧကပေါ်တွင် တည်ဆောက်ထားသည်။ ဤစီမံကိန်းကို မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မြန်မာတိုင်းရင်းသားပိုင် OEM(M) Co. Ltd. နှင့် ပြင်သစ် နိုင်ငံပိုင် Setraco International Co., Ltd. အဖွဲ့သုံးဖွဲ့က အကောင်အထည် ဖော်ဆောင်ရွက်ကြပြီး နိုင်ငံတော်အစိုးရက ရာခိုင်နှုန်း ၃၀၊ OEM(M) ကုမ္ပဏီမှ၁၀ရာခိုင်နှုန်း၊ Setraco ကုမ္ပဏီက ရာခိုင်နှုန်း ၆၀အချိုးကျ ပါဝင်တည်ဆောက်ခဲ့သည်။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းမှာ၂၈၃၂ကီလိုမီတာကျော် ရှည်လျားပြီး ထိုပင်လယ်ပြင်မှ ကမ်းနီးကမ်းဝေးငါးဖမ်းစက်လှေများဖြင့် ဖမ်းယူရရှိသော ငါးများကို စီမံကိန်းလုပ်ငန်းရှိရာ ဤငါးတင်၊ ငါးချဆိပ်ခံတံတားသို့ လာရောက် ပို့ဆောင်ရောင်းချကြသည်။ ငါးတင်ငါးချဆိပ်ခံတံတား၏ အရှည်မှာ ၁၃၅ မီတာ၊ ဆိပ်ခံအကျယ် ၁၅မီတာ၊ ဆိပ်ခံတံတားအလျား ၂၂၅မီတာဖြစ်သည်။

ငါးလေလံအဆောက်အအုံနှင့် ငါးဈေးအကျယ်အဝန်းမှာ အလျားမီတာ ၁၀၀၊ အနံမီတာ ၄၀ ဖြစ်ပြီး တစ်ဖက်စွန်းတွင် အလျားမီတာ ၄၀၊ အနံ ၁၀ မီတာ၊ အကျယ် စုစုပေါင်း တန် ၅၀၀ အအေးခန်းများဖြင့် ဖွဲ့စည်းထားသည်။ အခြားတစ်ဖက်စွန်းတွင် နှစ်ထပ်အဆောင်ဆောက်လုပ်ထားပြီး အထက်ထပ်တွင် နိုင်ငံတကာနှင့် ပြည်တွင်းငါးကုန်သည်များ၏ ရုံးခန်းများရှိသည်။

ငါးလေလံဈေးကို ၁၅-၆-၂၀၀၀ ရက်နေ့တွင် လုပ်ငန်းစတင်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ဆောက်လုပ်ရေး လုပ်ငန်းများပြီးစီး၍ ငါးလေလံလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

ဆီအုန်း

ဆီအုန်းသည် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အားထားရသော နှစ်ရှည်ပင်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ၌ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့၏ ရာသီဥတုမှာ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းနိုင်သော မုတ်သုံရာသီဥတုမျိုး ရှိသည်။

တနင်္သာရီတိုင်းအတွင်းရှိ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့သည် မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးရန် အသင့်လျော်ဆုံးသော ဒေသဖြစ်သဖြင့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန် ဆီအုန်းဧက ငါးသိန်းပြည့်မီအောင် ဆောလျင်စွာစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော် အစိုးရက အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ရော်ဘာ

တနင်္သာရီတိုင်းသည် ရော်ဘာစိုက်ပျိုးရန်သင့်တော်သည့် ရေမြေရာသီဥတုရှိပြီး လက်ရှိရော်ဘာစိုက်ဧက ၁၀၈၃၃၆ ဧကရှိသည့်အနက် သက်တမ်းခုနစ်နှစ်အောက် ပင်နုများနှင့် သက်တမ်းနှစ် ၃၀ ကျော်ပြီး အစေးမလိုတော့သည့် ပင်အိုများကို ချန်လှပ်ပါက အစေးလှီး ထုတ်နိုင်သော ဧကမှာ ၇၅၄၃၆ ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

10-8 (10).p65 1 1/1/32, 1:24 PM

ကျေးရွာသုံး ထင်းစိုက်ခင်းများ ထူထောင်

ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးရေး ကူညီဆောင်ရွက်ပေး သစ်တောစိုက်ခင်းများ ဝိုင်းဝန်းစောင့်ရှောက်အောင်စည်းရုံး

ရန်ကုန် ဩဂုတ် ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၅ ရက်က ပြင်ဦးလွင်မြို့ရှိ National Landmarks' Garden တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းက တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် တည်ဆောက်နေသော ကုမ္ပဏီများက ဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဩဂုတ် ၆ ရက်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စက်မှုဇုန်(၁)ရှိ မြန်မာမကောင်း သစ်အချောထည်စက်ရုံသို့ ရောက်ရှိ၍ သစ်ခွဲစိတ် လည်ပတ်ပုံ အဆင့်ဆင့်၊ လွှသွေးခန်း၊ အချောထည်ထုတ်လုပ်မှုနှင့် ထုတ်လုပ်ထားသည့် ပရိဘောဂများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံ ရှင်း လင်းဆောင်၌ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်ကျော်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံရှင်းလင်းဆောင်၌ ဦးအေးထွန်းရွှေက စက်ရုံအကြောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း သစ်ပါးလွှာ ထုတ်လုပ်နေမှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော သစ်ပါးလွှာများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မြင်းခြံမြို့နယ် ကုက္ကိုတောင်စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဦးစီးအရာရှိ ဦးထင်ကျော်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကုက္ကိုတောင် စိမ်းလန်းစိုပြည်နေမှုနှင့် ကွန်တိုတန်း စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တောင်သာတောင်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန တောင်သာမြို့နယ် တောင်သာတောင် စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဦးစီးအရာရှိ ဦးထွန်းမော်က တောင်သာတောင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့်အပူပိုင်းဇုန်ရုက္ခဥယျာဉ် တည်ရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကျောက်တလုံးတောင်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် တောင်သာမြို့နယ်ရှိ ကျောက်တလုံးတောင်သို့ရောက်ရှိကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးနှင့် ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းတို့သည် ဩဂုတ် ၇ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် နတ်ကန်လည်စခန်း သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန ပုပ္ပားတောင်ဥယျာဉ်ထိန်းသိမ်းရေး နယ်မြေရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းက ပုပ္ပားတောင်ဥယျာဉ် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ယာများ၌ နှစ်ရှည်သီးနှံများ ရောနှောစိုက်ပျိုးရန်၊ ယာများထပ်မံဖော်ထုတ်ခြင်း မပြုနိုင်အောင် ကြီးကြပ်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ်ရှိ ဂျပန်နိုင်ငံ အစိုးရ အကူအညီဖြင့် ဆောင်ရွက်နေသည့် အပူပိုင်းဒေသ သစ်တောစိုက်ခင်း JICA သို့ရောက်ရှိရာရှင်းလင်းဆောင်၌ အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေက ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ကျေးရွာသုံး ထင်းစိုက်ခင်းများ ထူထောင်ပေးရန်၊ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး စသည့်ဖွံ့ဖြိုးရေးကိစ္စများ ကူညီဆောင်ရွက်ပေးရန်နှင့် သစ်တောစိုက်ခင်းများကို ဝိုင်းဝန်း စောင့်ရှောက်အောင် စည်းရုံးသွားရန်မှာကြားပြီးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသောစိုက်ခင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြူးဆရာတော် တရားတော်များဟောကြားမည်

ရန်ကုန် ဩဂုတ် ၉

ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဇောတိကဓမ္မာစရိယ) ဖြူးဆရာတော် အရှင်သူမြတ်သည် ဩဂုတ် ၉၊ ၁၀ ရက်တို့၌ ပုဂံညောင်ဦး၊ ၁၁၊ ၁၂၊ ၁၃ ရက်တို့၌ မကွေး၊ ၁၄ ရက်၌ ရန်ကုန်၊ ၁၅၊ ၁၆ ရက်တို့၌ မန္တလေးမြို့ အသီးသီးတို့တွင် မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

တရားပွဲပင့်ထားသော ဒါယကာ၊ ဒါယိကာမများသည် တရားပွဲမကျင်းပမီ အနည်းဆုံး နှစ်ပတ်ကြိုတင်၍ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အမှတ်(၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆ (လိုင်းခွဲ–၁၈၁)၀၉–၅၀–၁၇၅၅၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်မြို့ ရွှေဘုံသာလမ်း အမှတ်(၁၅၀)နေ ဦးကျော်မြ–ဒေါ်ကျင်မြိုင်၊ သား ကိုကျော်ခင်လတ်–မမိုးမိုးဆွေ၊ မြေး မောင်ကျော်ဇောလင်း၊ မောင်ကျော်နိုင်ဝင်း၊ မမြဒါလီဆွေ မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဒုတိယဥက္ကဋ္ဌဆရာကြီး ဦးအောင်သန်း ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၇ ရက် နံနက် ၉ နာရီက တောင်တွင်းကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ မကွေးတိုင်း ပညာရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထက်တန်းကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအား ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးအစီအစဉ်များကို အပြည့်အဝလိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သိပ္ပံလက်တွေ့ခန်းများနှင့် စာသင်ခန်းများ၌ သင်ကြားသင်ယူမှုများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် မကွေးပညာရေး ကောလိပ်သို့ရောက်ရှိပြီး ဧည့်ခန်းဆောင်၌ ဒုတိယကျောင်းအုပ်ကြီး ဦးကံဝင်းနှင့် ဘာသာရပ်အလိုက် ဆရာဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ သိပ္ပံလက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မကွေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ်ကြီးများ၊ ဘာသာရပ်မှူးများ၊ အုပ်ထိန်းသူဆရာဆရာမများနှင့် တွေ့ဆုံကာ ကျောင်းအုပ်ကြီးများနှင့် သာသာရပ်မှူးများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းရှိ သိပ္ပံလက်တွေ့ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မကွေး တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ် ဦးတင်မောင်ဦးနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များက ဘာသာရပ်အလိုက် သင်ကြားသင်ယူမှုလုပ်ငန်းများ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သိပ္ပံလက်တွေ့ခန်းများ၌ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့သင်ကြား သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

၂၀၀၅–၂၀၀၆ ခုနှစ် စာရင်းဇယားအရ တစ်ကေပျမ်းမျှအထွက်နှုန်း ၄၂၄ ဒသမ၇၅ ပေါင်နှုန်းဖြင့် ရော်ဘာအထွက် စုစုပေါင်းမှာ ၃၂၀၄၁၅၇၈ ပေါင်ဖြစ်ပြီး တန်ချိန်အားဖြင့် ၂၄၅၆၄ တန်ထွက်ရှိကြောင်းသိရသည်။

ရော်ဘာထွက်ကုန်မှ နိုင်ငံတော်အတွက် နှစ်စဉ် နိုင်ငံခြားငွေရှာဖွေပေးနိုင်ခဲ့သဖြင့် ရော်ဘာ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် တနင်္သာရီတိုင်းတွင် ဧကတစ်သိန်းလျာထား စိုက်ပျိုးသွားရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်လျက်ရှိသည်။

ငရုတ်ကောင်း

တနင်္သာရီတိုင်းသည် ဆီအုန်း၊ရော်ဘာသာမက ငရုတ်ကောင်းဖြစ်ထွန်းသည့် ဒေသ ဖြစ်သည်။ ၂၀၀၃–၂၀၀၄ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ သုံးနှစ်အတွင်းဧက ၂၆၀၀၀ စိုက်ပျိုးရန်စီမံဆောင်ရွက်မှုအပေါ် တွင် ၂၀၀၄–၂၀၀၅ခုနှစ် တစ်နှစ်တည်းဖြင့် ဧကပြည့်မီရေး စီစဉ်ကြိုးပမ်းခဲ့ရာ ငရုတ်ကောင်း ၂၅၀၄၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

အထွေထွေရောဂါကုဆေးရုံကြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိရာ မြိတ်မြို့ ရေပုန်းရပ်ကွက် စပါးရွှေဝါလမ်း၌ သိန်းပေါင်း ၄၀၀၀ အကုန်အကျခံ၍ ခုတင်(၂၀၀)ဆံ့အထွေထွေရောဂါကု ဆေးရုံကြီးကိုလည်း ၂၅–၁၀–၂၀၀၃ရက်က ဖွင့်လှစ်ပေးခဲ့သည်။

မြိတ်တက္ကသိုလ်မှ အဏ္ဏဝါသိပ္ပံဌာန

ပြည်ထောင်စုမြန်မာနိုင်ငံသည် သဘာဝပထဝီအနေအထားအရ မိုင်ပေါင်း ၁၇၆၀ (ကီလိုမီတာ ၃၀၆၀) ခန့်ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းဖြင့် ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တို့နှင့် မျက်နှာမူလျက် ဆက်စပ်တည်ရှိပါသည်။ တစ်ဖန် မြန်မာ့ရေပြင်တောင်ဘက်ပိုင်းတွင် ကျွန်းပေါင်း ၈၀၀ကျော်ဖြင့် ဖွဲ့စည်းတည်ရှိနေသော ကမ်းခြေဇုန်ဝန်းကျင်က ထူးထူးခြားခြားတည်ရှိနေသေးသည်။ ကမ်းရိုးတန်းတစ်လျှောက် ဧရာဝတီတိုင်း၊ စစ်တောင်း၊ သံလွင်စသော မြစ်ကြီးများ စီးဝင်ဆက်သွယ်နေသဖြင့်လည်း ရေချို၊ ရေငန်ငါးများ ကြွယ်ဝလျက်ရှိသည်။ သို့ဖြစ်၍ မြန်မာ့ပင်လယ်ရေပြင်ပိုင်နက်အတွင်း ငါး၊ ပုစွန် သယံဇာတ များပေါကြွယ်ဝလျက်ရှိသည့်အလျောက် ရေလုပ်ငန်းများ၊ ရေထွက်ပစ္စည်းများ၊နိုင်ငံခြားပို့ကုန် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်း မြိတ်ဒေသတွင် ဆောင်ရွက်လျက်ရှိသည်သာမက မြန်မာ့ပင်လယ်ပြင်မှ အဖိုးတန် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို စွမ်းအားရှိရှိ ထုတ်ယူနိုင်ရန်၊ ရေရှည် အဆက်မပြတ် ဖွံ့ဖြိုးနေစေရန်၊ ရေပြင်၏ ဇီဝဓာတု၊ ရူပ၊ ဘူမိဆိုင်ရာသဘာဝတရားများကို နားလည်သဘောပေါက်စေရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ အတွေ့အကြုံများနှင့် နည်းပညာများ ဖွံ့ဖြိုးလာစေရန် မြိတ်တက္ကသိုလ်တွင် အဏ္ဏဝါသိပ္ပံဌာနတစ်ခုကို ၂၀၀၂ခုနှစ် ဇွန် ၂၇ ရက်မှစတင်၍ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

အဏ္ဏဝါဥယျာဉ်ကြီး (Marine Park)

ကမ္ဘာပေါ်ရှိ အလှပဆုံးကျွန်းများ စာရင်းတွင် ကော့သောင်းခရိုင် ကျွန်းတန်းရှည် (ယခင်အခေါ် လန်ပိကျွန်း)ကို အဏ္ဏဝါဥယျာဉ်ကြီးအဖြစ် သတ်မှတ်လျက် အဏ္ဏဝါဇီဝ သက်ရှိမျိုးကွဲများကို ထိန်းသိမ်းထားသည်။ ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားသည့် အဏ္ဏဝါဥယျာဉ်ကြီးဖြစ်သည်။

တနင်္သာရီတိုင်းသည် ကုန်းတွင်းပိုင်း သယံဇာတ၊ အဏ္ဏဝါသယံဇာတများပေါကြွယ်ဝသည့် ဒေသကြီးတစ်ခုသို့မဟုတ် နိုင်ငံတော်၏ စီးပွားရေးဇုန်နယ်ကြီးအဖြစ် ရှုမြင်သုံးသပ်မိပြီး မြောက်မြားလှစွာသော တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအနက် အချို့ကိုသာ လက်လှမ်းမီသရွေ့ လေ့လာတင်ပြ လိုက်ရပေသည်။ ။

မူးယစ်ကင်းစင် အလှဆင်

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၆ရက်က သင်္ဃန်းကျွန်း မြို့နယ် ရန်မျိုးအောင်ဘုရားကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ဦးကိတ္တိထံ အသင်းသူအသင်းသားများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြစဉ်။(က-ပ)

အရှင်သီလက္ခန္ဓာဘိဝံသ မော်ကျွန်းဆရာတော်တရားပွဲ

ရန်ကုန် ဩဂုတ် ၉

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဒဂုံမြို့သစ် တောင်ပိုင်း နိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်သီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်)သည် ဩဂုတ်၁၆ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်းနှင့် ဆရာတော်အား ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မေတ္တာဝါဒီဆရာတော်ကြီး၏တရားပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၉

မေတ္တာဝါဒီ ဟသ်ာတ(ပရဟိတ) ကျောင်းတိုက်ကြီး၏ ပဓာန နာယက ရန်ကုန်တိုင်း သံဃနာယက ဥက္ကဋ္ဌ (မဟာဒွါရ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မေတ္တာဝါဒီဆရာတော်ကြီး၏ (၂)နှစ်မြောက် မေတ္တာအခါတော်နေ့ တရားပွဲကို ဩဂုတ် ၈ရက်က ရန်ကုန်တိုင်း လှိုင်မြို့နယ် မာလာမြိုင် ၁၀လမ်းထိပ်ရှိ အဆိုပါ ကျောင်းတိုက် ငါးထပ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

တရားပွဲတွင် ဆရာတော်ကြီးက မေတ္တာ၊ ကရုဏာ ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရား လေးပါးတို့ကိုလည်းကောင်း၊ မေတ္တာသုတ္တန်လာ မေတ္တာတရားကိုလည်းကောင်း၊ ယနေ့ ကမ္ဘာတွင် www myittawardi-parahita com ဖြင့် လွှင့်တင်ထားသော မဟာသမယတရားတော်တို့ကိုလည်းကောင်း ဟောဖော်ညွှန်ကြားပြသရာ လောကီလောကုတ် နှစ်ဖြာအကျိုးကို လိုလားသူ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်နာယူကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ် (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၆ရက်က ပြုလုပ်ရာ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော်အမှူးပြုသည့် သံဃာတော်များအား ဥက္ကဋ္ဌ ဦးတိုနီဆင်းနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းကပ်လှူကြစဉ်။ (၃၅၂)

ရှေ့နေချုပ်ဦးအေးမောင် ရောဝတီတိုင်းဥပဒေအရာရှိများအားတွေ့ဆုံ အမှုလိုက်ဆိုင်ရာကိစ္စရပ်များနှင့်စီမံရေးရာများဆွေးနွေးမှာကြား

နေပြည်တော် ဩဂုတ် ၉

ရှေ့နေချုပ် ဦးအေးမောင်နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့သည် ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းတွင် ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်) ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ဥပဒေရုံး တိုင်းဥပဒေအရာရှိ၊ ဒုတိယတိုင်းဥပဒေအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် ဥပဒေရုံးများမှ ခရိုင်ဥပဒေအရာရှိများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ၊ အမှုလိုက်ဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

မှာကြား

ရှေ့နေချုပ် ဦးအေးမောင်နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့သည် ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်)မှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် ပုသိမ်မြို့ ရောဝတီတိုင်း ဥပဒေရုံး အစည်းအဝေးခန်းမ၌ ရောဝတီတိုင်းဥပဒေရုံး တိုင်းဥပဒေအရာရှိနှင့် ဥပဒေအရာရှိများ၊ တိုင်းအတွင်းရှိ ခရိုင်ဥပဒေ အရာရှိများနှင့် တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

လမ်းခရီးတွင် ကျောင်းကုန်းမြို့နယ်ဥပဒေရုံးကို ကြည့်ရှုစစ်ဆေးပြီး ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၉

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၀)ကို ယနေ့ထုတ်ဝေဖြန့်ချိ လိုက်သည်။**(ယာပုံ)**

အဆိုပါမဂ္ဂဇင်းတွင် တက္ကသိုလ်ကိုလတ်၊ မင်းကြော့ရှိန်၊ မောင်မောင်သက်ထွန်း(လှော်ကား)၊ ကျော်ကျော်(ပညာရေး)၊ သိပ္ပံစိုးမြင့်နိုင်၊ မောင်(မကွေး)၊ နှင်းသစ္စာကျော်တို့၏ကဗျာများ၊ မောင်ပညာကျော်၊ မောင်ဆန္ဒ(လယ်ဝေး)၊ တက္ကသိုလ်မြတ်သူ၊ ကျော်မျိုးခိုင်၊ တက္ကသိုလ်လှကြွယ်၊ ဦးခင်မောင်မြ(ဘီအေဘီအယ်လ်)၊ ခင်ဇ(စက်မှု)၊ မင်းယုဝေ၊ မောင်မောင်စိုးသက်၊ တက္ကသိုလ်သခ်၊ ဆင်ဖြူကျွန်း မြင့်သိန်း၊ မော်တောင် ဆရာတော်(မြိတ်)၊ လှထွန်း(တွံတေး)၊ စိမ်းမြရည်(ပြန်/ဆက်)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ ဇေယျမြေမောင်ယဉ်မွေး၊ ရဲတင့်(အမေ့ရွာ-တောင်တွင်း)တို့၏ဆောင်းပါးများ၊ နန္ဒာမိုးကြယ်၊ စန်းနီလာဝင်း၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊လေလှိုင်း၊ မောင်မောင်အုန်း(လယ်ဝေး)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်အေးကို(ယမုံနာ)၊ ကောင်းသစ်စံ၊ ဓာတ်ပုံ မောင်မောင်အေး၊ သျှတတ(ပြည်)၊ စိုးသီဟ(ရေတာရှည်)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဝတ္ထု၊ ဆောင်းပါးများ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မြေဇာတို့၏ ကာတွန်းများစသည်ဖြင့် ကဏ္ဍစုံလင်စွာ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

အာဆီယံအသက်(၁၇)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၉

သတင်းမှတ်စု-ကိုထွေး

ဒုတိယအကြိမ် အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ(AFF U-17 Championship 2006)ကို ဗီယက်နမ်နိုင်ငံ နမ်ဒင်းမြို့၌ ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်လူငယ်အသင်းနှင့်အတူ မြန်မာလူငယ်အသင်း၊ လာအိုလူငယ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်လူငယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာရှ(ယူ-၁၇)ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ခြေစစ်ပွဲအောင်မြင်ထားကြသော ဗီယက်နမ်၊ မြန်မာနှင့် လာအိုလူငယ်အသင်းတို့ကို ပြိုင်ပွဲအကြိုခြေသွေးခွင့် ရရှိရန်အတွက် ယခုပြိုင်ပွဲအား ကျင်းပပေးခြင်းဖြစ်သည်။

ဗိုလ်စွဲ

ပြိုင်ပွဲကို ပတ်လည်အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားပြီးဖြစ်ရာ ဩဂုတ် ၁၂ ရက်တွင် မြန်မာနှင့် လာအို၊ ဩဂုတ် ၁၄ ရက်တွင် မြန်မာနှင့် ဗီယက်နမ်၊ ဩဂုတ် ၁၆ ရက်တွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အသက်(၁၇)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် ၂၀၀၅ ခုနှစ်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံ (ယူ-၁၇) ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည်။

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို အဖွဲ့ဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်း၊ နည်းပြချုပ်အဖြစ် မင်ကော့ဗ်စကီး (ဘူဂေးရီးယား)၊ လက်ထောက်နည်းပြများအဖြစ် ဦးခင်မောင်တင့်(ပို့ဆောင်ရေး)နှင့် ဦးကျော်လွင်(ကာကွယ်ရေး)၊ ဂိုးနည်းပြအဖြစ် ဦးထွန်းတင့်အောင်(ကာကွယ်ရေး)၊ ဆေးမှူးအဖြစ် ဒေါက်တာစောသိန်းဝင်း(အား/ကာ)၊ သူနာပြုအဖြစ် ဦးဘကြိုင်(အား/ကာ)တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

သူတို့ပါဝင်

အားကစားသမားများအဖြစ် (ဂိုး) ဇန်လားဟရွယ်၊ ကျော်စွာဝင်း၊ (နောက်တန်း)အေးမိုး၊ ပြည့်ဖြိုးကိုကို၊ နိုင်လင်းထွန်း၊ မိုးနိုင်ထွန်း၊ သန်းထွန်းအောင်၊ စန်းလွင်ဦး၊ (အလယ်တန်း) အောင်မျိုးသူ၊ တင်ဝင်းအောင်၊ ဒေးဗစ်ဒန်း၊ ချစ်ကိုကိုထွေး၊ ဇော်လင်း၊ (ရှေ့တန်း) လှဖြိုး၊ ရန်အောင်ဝင်း၊ ပြည့်ဖြိုးဦး၊ အောင်ကျော်မျိုး၊ ဇင်မျိုးအောင်တို့ ပါဝင်ကြသည်။

တစ်အုပ်စုတည်း

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် အာရှ(ယူ-၁၇)ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ထားရာ နောက်ဆုံးအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာရှ(ယူ-၁၇)ဘောလုံး ပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များကို စက်တင်ဘာလအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာလူငယ်အသင်းသည် အုပ်စု(ဂ)၌ မြောက်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ လာအိုတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

ထွက်ခွာ

အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အသက်(၁၇)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ်၁၀ရက်**(ယနေ့)**တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဩဂုတ် ၉ရက်က စင်ကာပူသမ္မတနိုင်ငံ၏(၄၁)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အာရှခရစ်ကက်ကောင်စီဖလား ခရစ်ကက်ပြိုင်ပွဲ မြန်မာအသင်းပွဲဦးထွက်ကူဝိတ်အသင်းနှင့်ယှဉ်ပြိုင်ရမည်

ရန်ကုန် ဩဂုတ် ၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ်၁၂ရက်မှ ၃၁ရက်အထိ ကျင်းပမည့် အာရှခရစ်ကက်ကောင်စီဖလား ခရစ်ကက်ပြိုင်ပွဲတွင် မြန်မာအသင်းသည် ဩဂုတ်၁၆ရက်တွင် ပွဲဦးထွက်ကူဝိတ်အသင်းနှင့် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၁၇ရက်၌ ဘူတန်နှင့်လည်းကောင်း၊ ၁၉ရက်တွင် ဟောင်ကောင်နှင့်လည်းကောင်း၊ ၂၀ရက်၌ နီပေါနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲ အာဆင်နယ်အသင်း ပွဲဦးထွက်ရလဒ်ကောင်း

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၉

ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲစဉ်များကို ဩဂုတ် ၈ ရက်ညပိုင်းကစတင်ကစားခဲ့ရာ အာဆင်နယ်အသင်းက ခရိုအေးရှားမှ ဒီနာမိုဇာဂရက် အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

နှစ်သင်းစလုံး ပထမအကျော့ရလဒ်ကောင်းရေးအတွက် အကြိတ်အနယ် ကြိုးစားခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲရှိသည်။

ဖွေဆော်ဦး

သို့ရာတွင် အာဆင်နယ်က ဒုတိယပိုင်း၌ ပို၍ဖိကစားလာရာ ပွဲချိန် ၆၃ မိနစ်တွင် ဗန်ပါစီ ထိုးပေးလိုက်သော ဘောလုံးကို ဖာဘရီဂတ်သွင်းယူခဲ့၍ အာဆင်နယ်တို့ ဖွေဆော်ဦးဂိုး စတင်ရရှိသွားသည်။

ယင်းနောက် တစ်မိနစ်အကြာ အလက်စန္ဒာရလက် အဝေးမှ ဖြတ်ပို့သော ဘောလုံးကို ဗန်ပါစီ ဆွဲယူသွားပြီး ဒုတိယအနိုင်ဂိုး သွင်းယူပေးခဲ့သည်။ ယင်းနောက် ဖာဘရီဂတ်ကပင် အာဆင်နယ်အတွက် တတိယမြောက် အနိုင်ဂိုးကို သွင်းပေးခဲ့သည်။

အာဆင်နယ် ကစားသမား ဂျို့စ်အင်တိုနီယိုရေးယက်စ်သည် ရီးရဲမက်ဒရစ်အသင်းတို့ ဆက်သွယ်ခဲ့သဖြင့် အပြင်ထွက်ထိုင်နေရသည်။

အာဆင်နယ်အသင်းနှင့် ဒီနာမိုဇာဂရက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရိုဆစ်စကီး၏ ထိုးဖောက် ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

မပါဝင်

အာဆင်နယ်အသင်းသည် ယမန်နှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ရောက်ခဲ့သည့်အသင်းဖြစ်သည်။ အာဆင်နယ်အသင်းတွင် ကစားသမားဖြစ်သည့် အွန်နရီ၊ ယွန်းဘတ်၊ လေမန်း၊ အက်ရှ်လေလ်ကိုး၊ ရောဘတ်ပီရက်စ်နှင့် ဆိုးလ်ကင်းဘဲလ်တို့ ပါဝင်ကစားသည်ကို မတွေ့ရသေးပေ။

နွေရာသီက ခေါ်ယူခဲ့သော ချက်ကွင်းလယ်ကစားသမား ရိုဆစ်စကီးသည်ခြေစွမ်းပြကစားကာ အာဆင်နယ်အသင်းကို ဦးဆောင်လျက်ရှိသည်။

ချန်ပီယံလိဂ် တတိယဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို ဩဂုတ် ၂၂၊ ၂၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ နှစ်ပွဲပေါင်းရလဒ်ဖြင့် အနိုင်ရသောအသင်းသည် ချန်ပီယံလိဂ် အုပ်စုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ခြေစွမ်းပြဂိုးများသွင်းသည့် စီရိုနယ်ဒိုအား ဖာဂူဆန်နှင့် မန်ယူပရိသတ်အားရ

လန်ဒန် ဩဂုတ် ၉

မန်ချက်စတာယူနိုက်တက်မှ စီရိုနယ်ဒိုအား ကမ္ဘာ့ဖလားပြီးနောက် ပထမဆုံးမန်ယူတွင် ကစားသည့်ပွဲတွင် နည်းပြဖာဂူဆန်၏ ချီးမွမ်းခြင်းကို ခံခဲ့ရသည်။

မန်ယူနှင့် အဆင်ပြေသွားသော စီရိုနယ်ဒို၏ ပီတိအပြုံး။ (ဓာတ်ပုံ–အင်တာနက်)

စီရိုနယ်ဒိုသည် ကမ္ဘာ့ဖလားကွာတားဖိုင်နယ်တွင် ရွန်နေကို ပြိုင်ပွဲမှ ထွက်သွားအောင် ဒိုင်လူကြီးအား တိုက်တွန်းခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ ၎င်းသည် မန်ယူနှင့် အောက်စပိုဒ့်အသင်းတို့ ဩဂုတ် ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။

မန်ယူအနိုင်ရ

ယင်းပွဲတွင် မန်ယူက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

အကောင်းဆုံး

အဆိုပါ ပြိုင်ပွဲသည် စီရိုနယ်ဒို၏ ကမ္ဘာ့ဖလားပွဲအပြီး ပထမဆုံးသောပွဲဖြစ်ကြောင်း၊ အကောင်းဆုံး ကစားသွားသည်ကိုလည်း တွေ့ရကြောင်း ဖာဂူဆန်က ပြောကြားသည်။

ကျေနပ်မှုအပြည့်ရှိ

ထိုနေ့က စီရိုနယ်ဒိုသည် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့၍ မန်ယူပရိသတ်များ အကြိုက်တွေ့စေခဲ့ပြီး နည်းပြ ဖာဂူဆန်ကလည်း ၎င်းအပေါ် ကျေနပ်မှုအပြည့်အဝ ရှိသွားခဲ့သည်။

(အင်တာနက်)

ရေးယက်စ် ပြောင်းရွှေ့ရေး မဆုံးဖြတ်ရသေးဟုဆို

လန်ဒန် ဩဂုတ် ၉

အာဆင်နယ်တောင်ပံကစားသမား ဂျို့စ်ရေးယက်စ် အသင်းမှ ထွက်ခွာရေးနှင့်စပ်လျဉ်း၍ ဒီနာမိုဇာဂရက်အသင်းနှင့် ချန်ပီယံလိဂ် ခြေစစ်ပွဲကစားနေရသဖြင့် ဆုံးဖြတ်ချက်မချရသေးကြောင်း နည်းပြ အာစင်ဝင်းဂါးက ဝန်ခံပြောကြားလိုက်သည်။ သို့သော်လည်း စပိန်ရီးရဲမက်ဒရစ်အသင်းက ၎င်းအားခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေမိကြောင်း ဝင်းဂါးက အခိုင်အမာပြောကြားသည်။

ရီးရဲမက်ဒရစ်အသင်းနှင့် အာဆင်နယ်သို့ ရေးယက်စ်ပြောင်းရွှေ့ရေးနှင့်ပတ်သက်ပြီး စကားပြောနေကြသော်လည်း အသေအချာ ဆုံးဖြတ်ချက်မချနိုင်သေးကြောင်း ဝင်းဂါးကပြောကြားသည်။ရေးယက်စ်အား အာဆင်နယ်က ဇာဂရက်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင် လူစားလဲသုံးခြင်းမရှိခဲ့ပေ။

ရီးရဲမက်ဒရစ်အနေဖြင့် ရေးယက်စ်အားခေါ်ယူရန် ချန်ပီယံလိဂ်တွင် မကစားနိုင်ခဲ့၍ ငွေပုံအောပြီး မခေါ်ယူဘဲရှိသည်။ သို့ရာတွင် ရီးရဲမက်ဒရစ်နှင့် အာဆင်နယ်တို့သည် ရေးယက်စ်ပြောင်းရွှေ့ရေးအတွက် တနင်္လာနေ့တွင် ဆွေးနွေးကြဖွယ်ရှိကြောင်း စပိန်မီဒီယာများက ပြောကြားသည်။ **(အင်တာနက်)**

ဗီလာရီးရဲမှ ဆီနာ မန်ယူသို့ရောက်တော့မည်လော

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဘောလုံးသတင်းများနှင့် ပတ်သက်သည့် နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဘရာဇီးပွဲအတွက် ဆိုးရှားကို ပြန်ခေါ်မည်

နော်ဝေအသင်းသည် ဘရာဇီးအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဩဂုတ် ၁၆ ရက်၌ ကစားမည်ဖြစ်ရာ ယင်းပွဲအတွက် မန်ယူတိုက်စစ်မှူးဖြစ်သူ အိုလေဂန်နာဆိုးရှားကို ပြန်ခေါ်မည်ဖြစ်ကြောင်း နော်ဝေနည်းပြ အာဂီဟာရေဒီကပြောကြားလိုက်သည်။

ထိုသို့ခေါ်ယူမှုနှင့်ပတ်သက်၍ မန်ယူနည်းပြ ဖာဂူဆန်က ဘဝင်မကျဖြစ်လျက်ရှိသည်။ ဆိုးရှားအနေဖြင့် လွန်ခဲ့သည့် သုံးနှစ်ခန့်ကတည်းက ဒဏ်ရာရရှိမှုကြောင့် မန်ယူအသင်းတွင် မကစားခဲ့ရ၍ ကွင်းဘေး၌သာ ထိုင်နေခဲ့ရသည်။

ယခုအခါ ဒဏ်ရာသက်သာ ကောင်းမွန်လာချိန်၌ မန်ယူအတွက် မကစားသေးချိန်၌ပင် မိခင်နော်ဝေအသင်းအတွက် ခေါ်ယူကစားပေးရန် ပြောကြားလာသည့်အတွက် ဖာဂူဆန် စိတ်ပျက်ညည်းတွားလျက်ရှိသည်။

ပို့စ်မောက်နှင့်စာချုပ်တော့မည့် ဆိုးကင်းဘဲလ်။
(ဓာတ်ပုံ–အင်တာနက်)

ဆိုးရှားသည် နော်ဝေအသင်းအတွက် နောက်ဆုံးကစားခဲ့သည့်ပွဲမှာ ၂၀၀၄ခုနှစ်က နော်ဝေနှင့် ဝေလတို့ပွဲစဉ်ဖြစ်သည်။

ဆိုးကင်းဘဲလ် ပို့စ်မောက်နှင့်စာချုပ်မည်

ပို့စ်မောက်အသင်းသည် ဆိုးကင်းဘဲလ်နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း ပို့စ်မောက်ကလပ်က ပြောကြားလိုက်သည်။ ဆိုးကင်းဘဲလ်အနေဖြင့် ဆေးစစ်မှုပြုလုပ်ပြီးပါက ပို့စ်မောက်၌ တစ်နှစ်စာချုပ်ချုပ်ဆိုကစားတော့မည် ဖြစ်သည်။

အသက် ၃၁နှစ်အရွယ်ရှိ ဆိုးကင်းဘဲလ်သည် ပြီးခဲ့သည့် ဇူလိုင်လကပင် အာဆင်နယ်မှ ထွက်ခွာခဲ့သူဖြစ်ပြီး ကလပ်အသင်းတစ်ခု၌ ကစားရန်ဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ဆိုးကင်းဘဲလ်သည် အာဆင်နယ်၌ ငါးနှစ်ကစားခဲ့သူဖြစ်ရာ မန်စီးတီးနှင့် နယူးကာဆယ်တို့မှလည်း စိတ်ဝင်စားခြင်းခံရသူဖြစ်သည်။

မိမိတို့မမျှော်လင့်ခဲ့ကြောင်း၊ သို့သော် ယခုအခါ မိမိတို့ဆန္ဒပြည့်ဝခဲ့ပြီ ဖြစ်ကြောင်း၊ ဆိုးကင်းဘဲလ်သည် အလွန်တော်သော ကစားသမားတစ်ဦးဖြစ်ကြောင်း၊ သူ့လိုကစားသမားမျိုး မိမိတို့လိုအပ်လျက်ရှိကြောင်း ပို့စ်မောက်ကလပ်က ပြောကြားသည်။

ဆမ်မီလီအား အခွင့်အရေးနှစ်ခုပေးမည်

ဘိုလ်တန်ကလပ်အသင်းနည်းပြ ဆမ်အယ်ဒိုင်၏ လက်ထောက် ဆမ်မီလီအား အသက်၂၁နှစ်အောက် အင်္ဂလန်အသင်းအတွက် အချိန်ပြည့် နည်းပြနှင့် ဘိုလ်တန်ကလပ်၏ လက်ထောက်နည်းပြတာဝန်များကို ပူးတွဲထမ်းဆောင်နိုင်ရန် ခွင့်ပြုပေးခဲ့သည်။

အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်အနေဖြင့် အသက် ၂၁နှစ်အောက် အချိန်ပြည့် နည်းပြအဖြစ် ဆမ်မီလီသာ ဖြစ်သင့်သည်ဟု ပြောကြားခဲ့သည်။ အသက်၄၇နှစ်အရွယ်ရှိ ဆမ်မီလီသည် အသက် ၂၁နှစ်အောက် လူငယ်အသင်း၏ နည်းပြဖြစ်သူ တေလာကဲ့သို့ပင် အလုပ်နှစ်မျိုး လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ဆမ်မီလီ(အလယ်)ကိုတွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဆီနာ မန်ယူရောက်ဖွယ်ရှိ

ဗီလာရီးရဲ ကွင်းလယ်ကစားသမား မာကို့စ်ဆီနာအား ရောင်းချရေး မန်ယူနှင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ သဘောတူညီမှုရရှိလုနီးပါးရှိနေပြီ ဖြစ်သည်။

ဆီနာပြောင်းရွှေ့ခနှင့် ပတ်သက်၍ မန်ယူတို့ ဈေးပေးနှုန်းမှာသင့်ကြောင်း၊ ဆီနာ မန်ယူသို့ရောက်နိုင်ဖွယ်ရှိနေကြောင်း ဗီလာရီးရဲမန်နေဂျာ ဂျို့မန်နူရယ်အလ်လာနေဇာက ပြောကြားသည်။

အသက် ၃၀ အရွယ်ရှိ ဆီနာသည် စပိန်အသင်း ကွင်းလယ်ကစားသမားလည်းဖြစ်ပြီး ဘရာဇီး၌ မွေးဖွားခဲ့သူဖြစ်သည်။ ဆီနာသည် စိတ်ဝင်စားစရာကောင်းသော ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

ကွင်းလယ်ကစားသမား မာကို့စ်ဆီနာ။
(ဓာတ်ပုံ–အင်တာနက်)

ဆီနာသည် ၂၀၀၂ခုနှစ် ကတည်းက ဗီလာရီးရဲအသင်းတွင် ကစားနေခဲ့သူဖြစ်သည်။

မဲလ်ဘတ် ဆွီဒင်အသင်းခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မည်

အက်စတွန်ဗီလာ အသင်း နောက်ခံလူ အိုလော့ဖ်မဲလ်ဘတ်သည် ဆွီဒင်ဘောလုံးအသင်း ကပ္ပတိန်အဖြစ်မှ နုတ်ထွက်တော့မည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ယခုကဲ့သို့ ကပ္ပတိန်အဖြစ်မှ နုတ်ထွက်ခြင်းမှာ ဘောလုံးကစားမှု ပိုမိုအာရုံစိုက်နိုင်စေရန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးပြီးအချိန်ကတည်းကပင် အသင်းခေါင်းဆောင်အဖြစ်မှနုတ်ထွက်ရန် စဉ်းစားခဲ့ကြောင်း အိုလော့ဖ်မဲလ်ဘတ်က ပြောကြားသည်။

(အင်တာနက်)

JAPANESE LANGUAGES PROFICIENCY TEST (2006) Yangon

Application Period
14 August 2006(Mon)to 25 August 2006˚(˚Fri˚)

Time
9:00 A.M to 1:00 P.M

There Will be Fees For
- Application Form
- Level 1 & 2
- Level 3 & 4

Venue
Room 707, Building C, Pearl Centre, Kaba Aye Pagoda Road,
Bahan Township, Yangon.(Ph: 534348)
For Futher Information, Please Contact
MYANMAR ASSOCIATION OF JAPAN ALUMINI(MAJA)
Room 707, Building C, Pearl Centre, Kaba Aye Pagoda Road,
Bahan Township, Yangon.(Ph: 534348)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်
မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်မည့်
ရေချိုပုစွန်မွေးမြူရေးအခြေခံသင်တန်း – အမှတ်စဉ်(၄)

သင်တန်းဖွင့်မည့်ရက် – ၂၀၀၆ခုနှစ် ဩဂုတ်လ ၁၄ရက်
သင်တန်းဖွင့်မည့်နေရာ – မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ ရန်ကုန်။
လျှောက်လွှာပိတ်ရက် – ၁၂–၈–၂၀၀၆ရက် ညနေ ၅း၀၀နာရီ။

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း
ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်၊
အနောက်ကြို့ကုန်း၊ ရန်ကုန်။
ဖုန်း– ၀၁–၆၈၃၆၅၁၊ ၆၈၃၆၅၂၊ ၆၈၃၆၅၃ လိုင်းခွဲ–၁၀၆၊
Fax-၆၈၃၆၅၁
E-mail-myanmarshrimp@myanmar.com.mm

ညောင်ဦး စိန္တာမုနိစေတီတော် ဗုဒ္ဓပူဇနီယပွဲဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၉

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက် သမိုင်းဝင်ရှေးဟောင်း စိန္တာမုနိစေတီတော် နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနိယတွင် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ကကြီးမှူး၍ (၂၅)ကြိမ်မြောက် ငွေရတုဆီမီး၊ နံ့သာ ၉၉၀၀စီ ကပ်လှူပူဇော်ပွဲကို ဩဂုတ်၂၉ရက်ညတွင် အဆိုပါ ဘုရားကြီးရင်ပြင်တော်၌ကျင်းပပြီး ဩဂုတ်၃၀ရက် နံနက်၌ စဥ့်ကူမြို့ပေါ်နှင့်အနီးပတ်ဝန်းကျင် ကျေးရွာများ၌ပင်ပန်းစွာ သီတင်းသုံးနေကြသည့် ဝါဆိုသံဃာ ၃၄၆ပါးနှင့် သီလရှင် ၁၄ပါးကို ဆွမ်းဆန်စိမ်း၊ ဆွမ်း၊ ဆွမ်းဟင်း၊ သင်္ကန်း၊ သီလရှင်ဝတ်စုံများ လောင်းလှူဆက်ကပ်မည်ဖြစ်သည်။ ဆီမီး ၉၉၀၀(နှမ်းဆီ)အတွက် ကျပ်၂၂၅၀၀၀ သင်္ကန်းတစ်စုံ ကျပ်၆၅၀၀၊ သီလရှင်ဝတ်စုံ ကျပ် ၆၅၀၀၊ ဆွမ်းဟင်း(အသား)ကျပ် ၁၅၃၀၀၀၊ ငရုတ်သီးငပိကြော် ကျပ်၄၅၀၀၀(သို့မဟုတ်)ရဟန်း၊ သီလရှင်အသုံးအဆောင်များနှင့် ဆေးဝါးများလှူဒါန်းလိုသူများ အဆိုပါပူဇော်ပွဲနှင့် ပုဂံ–ညောင်ဦး–ပုပ္ပား ဘုရားစုံဘုရားဖူး(စရိတ်ငြိမ်း)၊ ဩဂုတ် ၂၆ရက်မှ ၃၁ရက်အထိ တစ်ဦးလျှင် ကျပ်၃၅၀၀၀ဖြင့် လိုက်ပါလိုသူများ ဩဂုတ်၂၀ရက်နောက်ဆုံးထား၍ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံးဝင်း၊ အင်းစိန်း ဖုန်း–၆၄၀၄၈၇၊ ၆၄၀၄၈၉နှင့် ဦးစိုင်းဘုန်းထူး ၄၈လမ်း၊ ဗိုလ်တထောင်၊ ဖုန်း–၂၉၂၆၄၄သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(၀၄၆)**

အမည်ပြောင်း

အဖ ဦးနီတာ(ခ)ဦးခင်မောင်မြင့် ၁၂/မဂဒ(နိုင်)၀၃၄၉၆၇၏ သား မောင်သီဟဇော်အား မောင်သူရအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရအောင်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၉၃၀၀ Isuzu˚/˚Bus ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်မာမာသင်း ၉/မနမ(နိုင်)၀၁၅၃၇၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)ရုံး၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ညီမြတ်ခိုင်လင်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၅၈၀၁၅၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း–၆၆၃၇၄၄။

ကားဝယ်လိုသည်
အိမ်စီး ဆလွန်းကား

90-94 model (Auto ဂီယာ)
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း–၀၉–၅၀–၀၂၃၅၆။

ကျေးဇူးဆပ်ပါမည်

ဦးအောင်ကျော်၏သား ကိုမောင်မောင်ဝင်း ၆/မကန(နိုင်)၀၆၆၂၂၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်–၈၁၅၉၄၅ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ကိုမောင်မောင်ဝင်း ဖုန်း–၇၀၅၅၃၇။**

စိတ်တစ်ခုကိုထိန်း သောကငြိမ်း တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၉

၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော်၈ရက် ဩဂုတ် ၁၆ရက် မွန်းလွဲ၁၂နာရီ ၁၅မိနစ်တွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသက စိတ်တစ်ခုကိုထိန်း သောကငြိမ်း တရားတော်ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်တော်မူကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိ (ရွှေတိဂုံပုံတူ) ၁၀၈ပေ စေတီတော်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ သဃ်န်းကျွန်းမြို့နယ်နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) [ဦးဆောင်ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်]–ဒေါ်ဥမ္မာမိသားစုက အလှူငွေကျပ်၁၀သိန်းကို သာသနာပြုဦးစီးပဓာနနာယက အောင်စေတီဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃စီ၊ မြေကွက်အမှတ်– ပဥ္စမတန်း–၃၃၆၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိသော နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်ခန်းအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဦးမောင်မောင်လွင် ၁၀/မလမ(နိုင်)၁၅၆၀၈၀မှ အမည်ပေါက်ပိုင်ဆိုင်ကြောင်း ပြောဆိုလာသူ ၎င်း၏ တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသည့် ဦးညီညီလွင် ၁၀/မလမ(နိုင်)၁၅၆၀၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးစိန်ဝင်း(စဉ်–၆၀၈၂)
ဥပဒေအကျိုးဆောင်
B.A, H.G.P, C.B.L, D.B.L, D.M.L
အမှတ် (၈၆/၈၈)၊ အခန်း ၂၀၊
ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၉၉–၂၅၇၃၆။



မသက်ဆိုင်တော့ပါကြောင်း

ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးစခန်းဝင်းနေ ကျွန်မ မသီတာအောင် ၁၂/လကန(နိုင်)၁၃၈၆၀၀ သည်ခင်ပွန်း ကိုရဲသီဟဦး ၁၂/လကန(နိုင်)၀၀၁၇၉၅နှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမပေးနိုင်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မသီတာအောင်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးတင်ဝင်း ကျွန်မ ဒေါ်ရှုမြင့်တို့၏သားဖြစ်သူ မောင်စိုးမိုးကျော် ၆/လလန(နိုင်)၀၆၆၅၂၀ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူနိုင်ကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်ဝင်း–ဒေါ်ရှုမြင့်။

ဩဂုတ်၉ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မိုးရာသီတွင် ကျရောက်တတ်သည့် ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ဖို့မြေရပ်ကွက်ရှိ အလက(၁)ကျောင်း အတွင်း၊ အပြင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အသင်းဝင်များ ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူဆီဖြင့်အသုံးပြုရန် စီးပွားဖြစ်စုပေါင်းစိုက်ပျိုး အသီးများ အလေအလွင့်မရှိအောင်ဆွတ်ခူး၊ စနစ်တကျသိမ်းဆည်း

တောင်ကြီး ဇူလိုင် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ရွာငံမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၂၅ရက် နံနက် ၁၁နာရီက ကျောက်ဂူပြင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက အမှာစကားပြောကြားရာတွင် ၂၀၀၆ခုနှစ်မှစတင်၍ သုံးနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူပင် ဧကေါ သိန်း ပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ကြောင်း၊ ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာဆီအဖြစ် ခြံစည်းရိုးကြက်ဆူဆီဖြင့် အသုံးပြုနိုင်ရန်အတွက် ယခုလိုစိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးပြီး ခြံစည်းရိုး ကြက်ဆူပင်များ ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ကြရန်လိုအပ်ကြောင်း၊ အသီးများကိုလည်း အလေအလွင့်မရှိအောင် ဆွတ်ခူးကြရန်နှင့် စနစ်တကျ သိုလှောင်သိမ်းဆည်းကြရန် မှာကြားသည်။

စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ် သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့က ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် တိုင်းရင်းသားများအား ခြံစည်းရိုး ကြက်ဆူပျိုးပင်များပေးအပ်၍ စတင်စိုက်ပျိုးပေးပြီး ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် တစ်ဆက်တစ်စပ်တည်း ၁၀ဧက စိုက်ပျိုးပြီး ရွာငံမြို့နယ်တွင် ၂၀၀၆ခုနှစ် ခြံစည်းရိုးကြက်ဆူပင် ဧက၅၅၀၀စိုက်ပျိုးရန်လျာထားရာ အကိုင်းစိုက်၅၄၆၃ ဧက၊ အပင်ပေါက်စိုက် ၁၄၂ဧက စုစုပေါင်း ၅၆၀၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ပျိုးထောင်ပေး

တိုင်းမှူးနှင့်ဇနီးတို့သည် ခြံစည်းရိုးကြက်ဆူပင်စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ရေးအတွက် ကိုင်းတက်ပွားဖြင့်ပျိုးထောင်ခြင်း၊ အပင်ပေါက်ဖြင့် ပျိုးထောင်ခြင်း၊ အစေ့ဖြင့်ပျိုးထောင်ခြင်းတို့ဖြင့် စတင်ပျိုးထောင်ပေးပြီး ဆွတ်ခူးထားရှိသော ခြံစည်းရိုးကြက်ဆူသီးများနှင့် အစေ့များကိုကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ဇူလိုင် ၁၈ရက်က ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပွင့်မာလာပန်းခြံ သာယာလှပရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့၌ ဆွပ်ပန်းစံပြကျေးရွာဖွင့်

မိုင်းဖြတ် ဇူလိုင် ၃၁

မိုင်းဖြတ်မြို့နယ် တောညုကျေးရွာအုပ်စု ဆွပ်ပန်းစံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက် နံနက်၁၀နာရီက အဆိုပါ ကျေးရွာမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က စံပြကျေးရွာဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက စံပြကျေးရွာ တည်ဆောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် စံပြကျေးရွာကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျို တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။
(အပေါ်ပုံ)(မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပရေးအတွက် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည် ဆိုင်းဘုတ်စိုက်ထူ၍ မြေယာရှုခင်းအလှပုံဖော်ခြင်းကို ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို ဇူလိုင်၂၈ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
(ဝါခေါင်လပြည့်ကျော် ၃ ရက်)
၁၁-၈-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓေဝ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မြသက်ချယ်ခရီးသွားလုပ်ငန်း၏ ခရီးစဉ်နှင့် ဝန်ဆောင်မှုများအကြောင်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (စာနာတတ်ပြီမို့)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးစက်တင်လေ
(၂) အင်းလေးမှာရွာတဲ့မိုး
(၃) ဒီမိုး
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ (တော်လေးဝနှင့် တကယ့်အလှ)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အချစ်စိတ်တိုင်းကျ)
၁၈း၄၅ သိပ္ပံပညာသိကောင်းစရာ (နားနေခြင်း၏ အကျိုးကျေးဇူး-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (နှင်း-ကာလပေါ်တူရိယာအဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာ
(၂) သည်သောင်ယံက မခွာရက်နိုင်တယ်
(၃) ဆည်းဆာနှင့် ဘဝလှေငယ်ရှင်

စုပေါင်းပျိုးထုပ်

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း မိုးရာသီပျိုးပင်များ ပျိုးထောင်ရေးအတွက် ဇူလိုင် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ပျိုးထုပ်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

အုတ်ဖိုမြို့နယ် ဆေးရုံအတွက် အောက်ဆီဂျင်စက်နှင့် ငွေများလှူဒါန်း

အုတ်ဖို ဩဂုတ် ၅

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ အမှတ် (၄၇) ပြည်လမ်း ရန်ကုန်မြို့နေ အုတ်ဖိုမြို့နယ်အသင်း နာယက ဦးသိန်းဟန်-ဒေါက်တာဒေါ်တင်တင်လှ မိသားစုက ငွေကျပ် ကိုးသိန်းတစ်သောင်းတန်ဖိုးရှိ အောက်ဆီဂျင်ပေးစက်နှင့် ရန်ကုန်မြို့ အမှတ် ၄၉/၅၁ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း) ကမာရွတ်မြို့နယ်နေ ဦးမောင်သောင်းက ငွေကျပ် ဆယ်သိန်း လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ်၁ ရက် မွန်းလွဲ တစ်နာရီခွဲက အဆိုပါ ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အလှူရှင်ကိုယ်စား ဦးတင်ညို၊ အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) တို့က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာနော်တင်က အလှူရှင်များ ပေးအပ်လှူဒါန်းသော ပစ္စည်းနှင့်ငွေများ လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(က-ပ)**

သုတဝေဖြာစာကြည့်တိုက်လုပ်ငန်း ရေရှည်တည်တံ့ရေးဆောင်ရွက်

ဂန့်ဂေါ ဩဂုတ် ၆

ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်စိုးထွန်းသည် ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေနှင့်အတူ ဇူလိုင်၃၀ရက်က ဂန့်ဂေါမြို့နယ် လယ်ကြီးကျေးရွာအုပ်စု စန်းမြို့ ကျေးရွာ သုတဝေဖြာစာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ စာကြည့်တိုက်ရေရှည်တည့်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၂၇၃)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း၊ ဈေးဝန်ထမ်းများနှင့် ကျန်းမာရေး ဝန်ထမ်းများ ဇူလိုင် ၁၇ရက်က မြို့မဈေးအတွင်း အိုင်အိုဒင်း ဆားအရောင်း ဆိုင်များကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ဘာသာရပ်ဆိုင်ရာဌာနအခန်းများတွင် (Strong Room) များ ပြုပြင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းအပ်နှံရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

၂။ တင်ဒါလျှောက်လွှာကို တက္ကသိုလ်ရှိငွေစာရင်းဌာနတွင် တစ်စောင်လျှင် (၃၀၀၀) နှုန်း ပေးသွင်းထားသောပြေစာဖြင့် အင်ဂျင်နီယာဌာနတွင် ရယူလျှောက်ထားနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းမှုကို ၁၆–၈–၂၀၀၆ ရက် (၁း၀၀)နာရီပိတ်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးကော်မတီ၊
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။
ဖုန်း–၀၅၆–၂၁၈၇၂၊ ၂၁၈၇၃၊ ၂၁၈၇၄။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၃၆၇၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးလှအောင် ၈/မဘန(နိုင်) ၁၇၄၈၃၇ က (ကမ–၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မင်းဘူး)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၂၅၃၇၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီနွယ် ၈/စလန(နိုင်) ၀၀၈၀၆၆ က (ကမ–၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မင်းဘူး)။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
သံတွဲခရိုင် တရားရုံးတော်
၂၀၀၆ ခုနှစ် တရားမကြီးမှု အမှတ်–၁၂။

ဦးတင်ဝင်း **နှင့်** မခင်မာလွင်
တရားလို **တရားပြိုင်**

သံတွဲမြို့ အမှတ်(၂)ရပ်ကွက် အမှတ်(၁၉၀)ရတနာလမ်းနေ မခင်မာလွင် (ဘ)ဦးချစ်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ တရားလို ဦးတင်ဝင်းက လက်လှည့်သုံးချေးငွေ ကျပ် ၃၀၀၀၀၀၀/–ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဩဂုတ်လ၁၅ရက် (၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့သို့ လာရောက်ရမည်။ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးမည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။

၂၀၀၆ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထိန်လင်း
ခရိုင်တရားသူကြီး
သံတွဲခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်–၄၂၁ (အမ်)

မြန်မာ့စီးပွားရေးဘဏ်(၁) **နှင့်** ၁။ ဦးသိန်းစိုးနိုင်
မန္တလေးမြို့။ ၂။ ဒေါ်မာမာလွင်
တရားနိုင် **တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်–၄၂၁ တွင်ရရှိခဲ့သော ဒီကရီအရအောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

အမရပူရမြို့ တောင်ကြီးရပ်ကွက်ရှိ အကွက်အမှတ် (၅၉၈/တောင်ကြီး) ဦးပိုင်အမှတ် (၁၂၉/၁၉၂) မြေချိန်ဧရိယာ ၀.၁၁မ ၀၃ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ (၁၅X၃၀)ပေရှိ နှစ်ထပ်နံကပ်တိုက်နှင့် (၂၄X၁၈)ပေရှိ သွပ်မိုးတစ်ထပ်နံကပ်စက်ရုံအဆောက်အအုံ။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း (၈၀)**

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာတရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်စုံတစ်ခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၃ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်အတွက် အမှတ်(၅/အေ) ဒဂုံတာဝါ ရွှေဂုံတိုင်နေ ဒေါ်ကြီးမြင့်၊ ညီမ ဒေါ်ခင်အေးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာစောဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကမ္ဘောဇရဋ္ဌ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘောဇရဋ္ဌသာသနာလင်္ကာရ ကမ္ဘောဇ သာမဏေကျော်စာမေးပွဲကို တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံကြီး၌ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၈ခု သီတင်းကျွတ်လပြည့်ကျော် ၇ ရက်မှ ၁၃ရက်အထိ (အောက်တိုဘာ ၁၃ရက်မှ ၁၉ရက်အထိ) ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော် ၇ ရက် စာမေးပွဲဖွင့်ပွဲအခမ်းအနားအပြီးတွင် ပထမအဆင့်ဖြေဆိုမည့် သာမဏေများ နှုတ်မေးခွန်းဖြေဆို၍ အောက်တိုဘာ ၈၊၉၊၁၀ရက်များတွင် ပထမဆင့်၊ဒုတိယဆင့်နှင့် တတိယဆင့် သုံးဆင့်လုံး သဘောရေးဖြေ ဖြေဆိုကြရမည်ဖြစ်ပြီး စာအောင်ဆုနှင့် ဘွဲ့လက်မှတ်ဆက်ကပ်ပွဲကို ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဖြေဆိုသည့်သာမဏေများသည် ဝင်ခွင့်ပုံစံများတောင်းယူပြီး တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအေးလေးသို့လိပ်မူ၍ စက်တင်ဘာ ၂၀ ရက်နောက်ဆုံးပေးပို့ကြရန်နှင့် လှူဒါန်းလိုသောအလှူရှင်များသည် ဂေါပကအဖွဲ့ ဖုန်း–၀၈၁–၂၁၆၇၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ရေတာရှည်မြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ သာသနာ့လင်းရောင်ကြည် ပရိယတ္တိစာသင်တိုက်၏ (၁၃)ကြိမ်မြောက် သံဃာအပါး ၁၀၀ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ အလှူရှင်များ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

မြေယာရှင်းအလှပြုပြင်

ဘားအံ ဇူလိုင် ၂၅

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ ဦးစီးအရာရှိနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ ဇူလိုင် ၂၀ ရက်က ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းရှေ့တွင် မြေယာရှင်းအလှ ပြုပြင်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကွန်ဟိန်းမြို့နယ်၌ ကောက်စိုက်စွမ်းရည်ပြိုင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ကွန်ဟိန်း ဩဂုတ် ၃

လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက မြို့မအုပ်စု နားဆည်ပွင့် ဦးစိုင်းဝဏ္ဏ၏ လယ်ကွင်း၌ကျင်းပရာ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် လယ်ပိုင်ရှင် ဦးစိုင်းဝဏ္ဏတို့က ပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ နယ်မြေခံတပ်နယ်မှ အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လယ်သမားများနှင့် ကောက်စိုက်လုံမေများ စုစုပေါင်း အင်အား၅၀၀ကျော် တက်ရောက်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ကောက်စိုက်လုံမေအသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဇူလိုင် ၁၅ရက်က မော်လမြိုင်မြို့ စက်မှုဇုန်နေ ဦးဝင်းငယ်–မနီနီ၊ သမီး ယွန်းနဒီအေးမိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကွန်ပျူတာအခြေခံပညာ သင်ကြားရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးစီမံကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဇူလိုင် ၂၄ ရက်က မြို့မဈေး၊ အောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေးပတ်လည်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းမှုရှိစေရေးတို့အတွက် ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

စက်ရေတွင်းတူးဖော်

ဆင်ပေါင်ဝဲ ဇူလိုင် ၂၈

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၁၇ ရက်က ကန်လှကျေးရွာတွင် အလှူရှင်များ လှူဒါန်းငွေဖြင့် ဆောင်ရွက်သော နှစ်လက်မစက်ရေတွင်းတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးအောင်ရွှေ ကွင်းဆင်းကြီးကြပ်ပေးကြောင်းသိရသည်။

(မြို့နယ်စည်ပင်)



ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြု သယံဇာတပေါကြွယ်ဝသည့်အတွက် ကြိုးစားအားထုတ်နိုင်သလောက် အကျိုးဖြစ်ထွန်းနိုင် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးစိုက်ဧက ၃၇ သိန်းလျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက် စက်မှုကုန်ကြမ်းသီးနှံများနှင့် စားပိုဆောင်သီးနှံများ ရာသီအလိုက်တိုးချဲ့စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်ကြီး သဘာဝအလှအပများ မပျက်မယွင်းစေဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းရှိ စိုက်ပျိုးရေးပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဩဂုတ် ၉ ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၃	ဒသမ	၁၅	လက်မ
ရေးမြို့	၆	ဒသမ	၇၅	လက်မ
စစ်ကိုင်း	၆	ဒသမ	၇၃	လက်မ
လောင်းလုံး	၅	ဒသမ	၁၆	လက်မ
ထားဝယ်	၄	ဒသမ	၇၂	လက်မ
မန္တလေး	၄	ဒသမ	၃၃	လက်မ
မြိတ်	၄	ဒသမ	၀၆	လက်မ
ဝမြို့	၃	ဒသမ	၉၄	လက်မ
ကျောက်ဆည်	၃	ဒသမ	၇၂	လက်မ
မြင်းမူ	၃	ဒသမ	၃၂	လက်မ

စစ်ကိုင်းမြို့၏ မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် ဩဂုတ် ၉

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် စစ်ကိုင်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၇၁ မီလီမီတာ ၆ ဒသမ ၇၃ လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၄၁ နှစ်အတွင်း ဩဂုတ်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီမိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၀၈ မီလီမီတာ ၄ ဒသမ ၂၅ လက်မဖြစ်ပြီး ၁၉၉၂ ခုနှစ် ဩဂုတ် ၆ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)